ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ အင်္ဂါနေ့ **(9-9-2008)** (5796)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ
နိုင်ငံတော်စစ်ကော်မရှင်ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၀၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်စစ်ကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်
သဘာပတိအဖွဲ့ ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၀၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ
ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၀၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကင်ယုံအီး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တစ်နိုင်ငံလုံး၏ သက်ကြီးစာတတ်မြောက်မှုနှုန်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မား
၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှု ၉၄ ဒသမ ၈၃ ရာခိုင်နှုန်း ရောက်ရှိ
အာရှနှင့် ပစိဖိတ်ဒေသတွင်း စာတတ်မြောက်မှုနှုန်းမြင့်မားသည့်နိုင်ငံအဖြစ် ရပ်တည်နေ

နေပြည်တော် စက်တင်ဘာ ၈

၂၀၀၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

မိန့်ခွန်းပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

အတည်ပြုချိန် ၃း၅၀

ကြေးမုံ The Mirror

၉-၉-၂၀၀၈
(အင်္ဂါနေ့)

လူငယ်များဗလငါးတန် ပြည့်စုံစေရေး သွန်သင်ဆုံးမ လေ့ကျင့်ပျိုးထောင်

ပညာရေးအဆင့်အတန်း မြင့်မားမှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ဖော်ညွှန်းပြဆိုနေသည်။ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပညာရေးပတ်ဝန်းကျင် ကောင်းများ တည်ဆောက်၍ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိရာတွင် ဆရာ၊ ဆရာမများသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်နေသည်ကို တွေ့ရသည်။ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်များအား စာပေပညာ သက်သက်သာမက ဗလငါးတန်နှင့် ပြည့်စုံစေရန် သွန်သင်ဆုံးမ ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

လူငယ်၊ လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် စာရိတ္တပညာကောင်းမွန်ရေးသည် အခြေခံအုတ်မြစ်ဖြစ်ရာ ဆရာ၊ ဆရာမများ၏ သင်ကြားပို့ချပေးမှုများဖြင့် အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်မှုများနှင့် ကိုယ်ချင်းစာနာမှု၊ ကူညီရိုင်းပင်းမှု၊ လူမှုကျင့်ဝတ်စောင့်ထိန်းမှုစသည့် အလေ့အကျင့်ကောင်း၊ စရိုက်ကောင်းများ ပြည့်စုံဖြစ်ထွန်းလာမည် ဖြစ်သည်။

ယနေ့ နိုင်ငံတကာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ စီးပွားဥစ္စာနေအင်အား၊ နည်းပညာ စွမ်းအားတို့ကို ခိုင်မာစွာ တည်ဆောက်နေကြသည်။ ယင်းသို့သော အခြေအနေ အချိန်အခါတွင် မိမိတို့ တပည့်လူငယ်များ၏ ပင်ကိုစွမ်းရည်ကို ဖော်ထုတ်ပေးပြီး ခေတ်နှင့်လျော်ညီသည့် နည်းပညာနှင့် ကျွမ်းကျင်မှုများအပြင် အတွေးသစ်၊ အမြင်သစ် အတွေ့အကြုံ ဗဟုသုတများ ပြည့်စုံစေရေး လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ယင်းသို့ ပညာရေးဆိုင်ရာနှင့် အသိပညာစိတ်ဓာတ်နှင့် စာရိတ္တရေးရာ အရည်အသွေးများ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာစေရေး သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် မျက်မှောက်ကာလနှင့် အနာဂတ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို အလုပ်အကျွေးပြုနိုင်မည့် လူကောင်း လူတော်များ ပေါ်ထွက်လာမည်ဖြစ်သည်။

သို့ဖြစ်၍ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်များကို သား၊ သမီးနှင့်မခြား စောင့်ရှောက်ပညာသင်ကြားပေးရင်း အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်နှင့်အညီ သွန်သင်ဆုံးမ လေ့ကျင့် ပျိုးထောင်ပေးခြင်းဖြင့် ဗလငါးတန်နှင့်ပြည့်စုံသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုဖြစ်ထွန်း ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။

အလွတ်တန်း ဘီလီယက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာ့လက်ရွေးစင် နိုင်ငံကိုယ်စားပြု နိုင်ငံတကာပြိုင်ပွဲများ၌ သွားရောက်ယှဉ်ပြိုင်ဖူးသူများ၊ ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိဖူးသူများနှင့် ပြည်တွင်း ကလပ်ပြိုင်ပွဲများတွင် ပထမဆုရရှိဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြမည့် မေဟွားဖိတ်ခေါ် အလွတ်တန်း ဘီလီယက်ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ သိမ်ကြီးဈေး (D)ရုံရှိ မေဟွားဘီလီယက်နှင့် စနူကာစင်တာ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးနိုင်

ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်း၊ စတုတ္ထဆုငွေကျပ် ငါးသောင်းချီးမြှင့်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများသည် စက်တင်ဘာ ၂၇ ရက် နောက်ဆုံးထား၍ မေဟွားဘီလီယက်နှင့် စနူကာစင်တာ သိမ်ကြီးဈေး (D)ရုံ ရန်ကုန်မြို့ ဖုန်း-၂၄၇၃၀၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများ ထိုင်းအခြေစိုက် လူသားချင်းစာနာမှုဆိုင်ရာ ဌာနအကြီးအကဲအား ရှင်းလင်းပြသ

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ထိုင်းနိုင်ငံအခြေစိုက်လူသားချင်းစာနာမှုဆိုင်ရာ ဌာနအကြီးအကဲ Mr. Vincent Lam က စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ရှင်းလင်းပြသ

ထိုသို့ တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိုင်ငံတော်အနေဖြင့် လေဘေးသင့်ဒေသနေ ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့်ပူးပေါင်းဆောင်ရွက်နေမှု၊ အသင်းအနေဖြင့် လေဘေးသင့်ဒေသများနှင့် ပြည်သူများအတွက် စားဝတ်နေရေးမှအစ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုနှင့် နိုင်ငံတော်ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်၊ပြည်သူနှင့်တပ်မတော် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အသင်းကြီးကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းပြသသည်။ ထို့နောက် ထိုင်းနိုင်ငံ အခြေစိုက် လူသားချင်းစာနာမှုဆိုင်ရာ ဌာန အကြီးအကဲ Mr. Vincent Lam က လှူဒါန်းမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ပေးအပ်

ယင်းနောက် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့် Mr. Vincent Lam တို့သည်အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်း ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးအား ထိုင်းနိုင်ငံအခြေစိုက်လူသားချင်း စာနာမှုဆိုင်ရာ ဌာနအကြီး အကဲ Mr. Vincent Lam လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာပေးအပ် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ပိုလ်မှူးချုပ်သန်းဌေး လက်ခံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မှော်ဘီမြို့နယ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၇ရက် နံနက်ပိုင်းတွင် မြို့နယ်အသင်းရုံး၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်၍ အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်ကာ ကျေးရွာအုပ်စု လေးအုပ်စုမှ အသင်းဝင် အဆိုပြုလွှာ ၆၀၁ စောင်ကို လက်ခံရယူသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် လူမှုရေး၊ ပညာရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများတွင် ထူးချွန်သော အသင်းဝင်များအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြပြီး မြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူးက လက်ခံယူသည်။

အခမ်းအနားဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ဆက်လက် ကျင်းပပြီး မြို့နယ် အလုပ်အမှုဆောင်များက အစီရင်ခံစာများ တင်သွင်းခြင်း၊ ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ (သတင်းစဉ်)

၂၀၀၈-၂၀၀၉ ပညာသင်နှစ် မူလတန်းအဆင့် အင်္ဂလိပ်ကဗျာ ရွတ်ဆိုပြိုင်ပွဲ အုပ်စု (၁)တွင် ဒုတိယဆု ရရှိသော အမက (၁၄) ဗဟန်း Grade (I)မှ ကျောင်းသား၊ ကျောင်းသူများအား အထက (၁) ဗဟန်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါက်တာ ဒေါ်နွယ်နီလွင် ဆုပေးအပ်စဉ်။
(ပညာရေး)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၀၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာပတ်ယွီချွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းအား အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး Vice Admiral S. Bhasin, AVSM, VSM ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းအား အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၈

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းအား အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး Vice Admiral S.Bhasin, AVSM, VSM ဦးဆောင်သော လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း နှင့်အတူ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး တင်ဆွေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး Vice Admiral S.Bhasin, AVSM, VSM ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ် အဖွဲ့နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel Manoj Mukund Naravane တို့ တက်ရောက်ကြသည်။

ယင်းနောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် လှဌေးဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး Vice Admiral S.Bhasin, AVSM, VSM တို့သည် အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ (သတင်းစဉ်)

❁ ကျောဖုံးမှ



ဘီဟာပြည်နယ်တွင် ရေလွှမ်းလျက်ရှိရာ ပြည်သူများ ရေဘေးလွတ်ရာသို့ သွားလာနေကြသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘီဟာပြည်နယ် ရေဘေးဒုက္ခသည်များ ကယ်ဆယ်ရန် ကျန်ရှိနေ

နယူးဒေလီ စက်တင်ဘာ ၇

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘီဟာပြည်နယ်တွင် ရေဘေးဒုက္ခသည်များကို ကယ်ဆယ်လျက်ရှိရာ အရေးကြီးသော အဆင့်သို့ရောက်ရှိနေပြီဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာဝန်ရှိသူ ပရာတာရာ အမ်ရစ်က ဘီပေါလ်နှင့် မဟီပူရာခရိုင်များမှ ဒုက္ခသည် ၆၀၀၀၀မှ ၈၀၀၀၀ အထိ ကယ်တင်ရန် လိုအပ်လျက်ရှိနေကြောင်း ဘီဘီစီသို့ ပြောကြားသည်။

ထိုဒေသများမှ ၆၅၀၀၀၀ ကျော်ကို ကယ်ဆယ်ခဲ့ပြီး ၉၀ကျော် သေဆုံးခဲ့ကြောင်း ၄င်းက ပြောကြားသည်။

အင်တာနက်။

ဘင်္ဂလားဒေ့ရှ်တွင် ရေကြီး၍ ၁၉ ဦးသေ

ဒါကာ စက်တင်ဘာ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၁၉ဦး ရှိပြီဖြစ်ကြောင်း၊ နိုင်ငံ၏ နေရာအနှံ့အပြားမှာလည်း ဆိုးရွားစွာ ရေကြီးလျက်ရှိကြောင်း ပုဂ္ဂလိက သတင်းဌာန ယူအန်ဘီက စနေနေ့တွင် ဖော်ပြသည်။

မြို့တော်ဒါကာ၏ အနောက်မြောက်ဘက် ၂၅၆ ကီလိုမီတာအကွာ ရပ်ချ်ရှာဟီမြို့ အနောက်ပိုင်းတွင် ဝမ်းလျှောရောဂါ အပါအဝင် မသန့်ရှင်းသောရေကြောင့် ဖြစ်သော ရောဂါများ၊ လေ့မှောက်ခြင်းများနှင့် မြွေကိုက်ခြင်းများကြောင့် ၁၉ ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် ငလျင်လှုပ်

မာဇာအီရှာရစ်ဖ် (အာဖဂန်နစ္စတန်) စက်တင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံဟင်ဒူကပ်ချ် ဒေသတွင် ပြင်းအား ၅ ဒသမ ၆ ရစ်ချ်တာစကေးရှိသော ငလျင်တစ်ခု စနေနေ့က လှုပ်ရှားသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကဘူးမြို့အရှေ့မြောက်ဘက် ၂၇၅ ကီလိုမီတာ (မိုင် ၁၇၀) ဝေးသော နေရာကို ဗဟိုပြု၍ လှုပ်ခတ်သွားသော ငလျင်သည် အိန္ဒိယနှင့် ပါကစ္စတန် မြောက်ပိုင်း ဒေသများကိုလည်း ငလျင်ဒဏ်ခံစားရကြောင်း သတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားတွင် အင်အားအသင့်အတင့်ငလျင်လှုပ်

ဂျကာတာ စက်တင်ဘာ ၇

အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ်တွင် ပြင်းအား ၅ဒသမ ၃ ရစ်ချ်တာစကေးရှိသော ငလျင်တစ်ခု တနင်္ဂနွေနေ့ နံနက်ပိုင်းက လှုပ်ခတ်သွားရာ အပျက်အစီးသတင်းကို မရရှိသေးဟု ဆိုသည်။

ငလျင်၏ ဗဟိုချက်သည် မာလူကူပင်လယ်ပြင်၏ အနောက်မြောက်ဘက် ၇၇ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ကီလိုမီတာ ၁၀ အနက်ဖြစ်သည်ဟု ဘီအမ်ဂျီက ပြောသည်။ အဆိုပါ ငလျင်ကြောင့် ဆူနာမီ ဖြစ်နိုင်ခြေမရှိကြောင်း ပြောသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖိလစ်ပိုင်တွင် မြေပြို၍ ရှစ်ဦးသေဆုံး

မနီလာ စက်တင်ဘာ ၇

ဖိလစ်ပိုင်နိုင်ငံတွင် မုတ်သုံမိုး အဆက်မပြတ်ရက်ပေါင်းများစွာ ရွာလျက်ရှိသောကြောင့် မြေပြိုလျက်ရှိရာ နိုင်ငံတောင်ပိုင်း မိုင်းကွင်းတစ်ခုအနီးမှ အိမ်အလုံး ၂၀ ကို မြေဖုံးသွားခဲ့သည်။ ကယ်ဆယ်ရေးသမားများက သေဆုံးသူ ရှစ်ဦးကို ရွှံ့နွံတန်ပေါင်းများစွာအောက်မှ ဆွဲထုတ်ယူနိုင်ခဲ့သည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက စနေနေ့တွင်ပြောကြားသည်။

ပျောက်ဆုံးလျက်ရှိသော ဆယ်ဦးကိုရှာဖွေရန်အတွက် စစ်ဘက်အဖွဲ့ဝင်များ၊ ရဲများ၊ သတ္တုတွင်းအလုပ်သမားများနှင့် လုပ်အားပေးများသည် ပြိုကျလျက်ရှိသော အိမ်အပျက်အစီးများနှင့် တန်ပေါင်းများစွာသော ရွှံ့များကို တူးဖော်ဖယ်ရှားလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

စက်တင်ဘာ ၇ ရက်က ဖိလစ်ပိုင်နိုင်ငံ မာဆာရာ ကျေးရွာတွင် မြေပြိုမှုကြောင့် ပျက်စီးသွားသော အိမ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"တရားထိုင်နည်းအလုပ်ပေး” တရားတော် [ဘဒ္ဒန္တခေမာစာရ(အောင်ခေမာဆရာတော်)]
၇း၅၅ - ၁း၅၅	L.V နည်းပညာဖြင့် ဘိလပ်မြေစက်ရုံစွမ်းအားကို မြှင့်တင်မည့်အစီအစဉ်
၈း၀၅ - ၂း၀၅	Sunday Talk
၉း၀၅ - ၃း၀၅	ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (အနာဂတ်ပျိုးခင်းအဆင့်မြင့်မူကြို)
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	ဘိုင်းဒါးရေလှောင်တမံ
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅ - ၄း၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ “အချစ်ကမိုက်တယ်”ရိုက်ကွင်း
၁၀း၂၅ - ၄း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ -၄း၄၀	Yangon Panorama (TOSHIBA NEW NOTEB00K LAUNCH)
၁၁း၀၀ - ၅း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	“တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ” (ဗဟိုဖောက်စက်)
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	ဆီးချိုရောဂါကြောင့် မျက်စိအပေါ်သက်ရောက်မှုဆိုးကျိုးများ (ပါမောက္ခ ဒေါက်တာမြအောင်)
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	အလင်္ကာတိတ်ဆိတ်မှုနှင့် နက်ရှိုင်းပွဲတင်သံ
၁၂း၃၀ - ၆း၃၀	Music Gallery (တေးသံရှင် ကိုင်ဇာရဲ့ တေးလက်ဆောင်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ မသန်မစွမ်း အိုလံပစ်ပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပနေသည်ကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် အလုပ်လက်မဲ့ဦးရေ လေးနှစ်ခွဲအတွင်း အမြင့်ဆုံးရောက်နေ

ဝါရှင်တန် စက်တင်ဘာ ၈

အမေရိကန် ပြည်ထောင်စု၌ လေးနှစ်ခွဲအတွင်း အလုပ်လက်မဲ့နှုန်းသည်အမြင့်ဆုံး၆ဒသမ၁ရာခိုင်နှုန်းသို့ မမျှော်လင့်ဘဲ ထိုးတက်သွားခဲ့သည်။ အလုပ်ရှင်များက ရှစ်လဆက်တိုက် အလုပ်သမားများကို လျှော့ချခဲ့သည်။ အလုပ်သမား ဈေးကွက်တွင်လည်း အရှိန်အဟုန်ဖြင့် ကျဆင်းနေသည့် လက္ခဏာပြသနေသည်။

ဩဂုတ်လတွင် အလုပ်နေရာပေါင်း ၈၄၀၀၀ လျှော့သွားကြောင်း အလုပ်သမားဌာနက ပြောကြားသည်။ စီးပွားရေးပညာရှင်များက မျှော်မှန်းထားသည့် အရေအတွက်ထက် သိသာစွာ လျော့နည်းနေသည်။ မူလက လစဉ် အလုပ်လက်မဲ့ အရေအတွက် ၅၁၀၀၀ဟု ခန့်မှန်းထားခဲ့သော်လည်း ဇူလိုင်လတွင် ၆၀၀၀၀နှင့် ဇွန်လတွင် ၁၀၀၀၀၀အထိ တိုးလာကြောင်း တွေ့ရှိရသည်။ အလုပ်သမားဌာနမှ အရာရှိများက ဩဂုတ်လအတွင်း အလုပ်လက်မဲ့နှုန်းသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတွက်လျှင် အမြင့်ဆုံးသို့ ရောက်ရှိနေပြီဟု ပြောကြားသည်။ လေ့လာသူများက လက်ရှိနှုန်းထားအတိုင်း ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ထားကြသည်။

အရေးပါသော လုပ်ငန်းအမျိုးအစား အားလုံးနီးပါးတွင်လည်း အလုပ်အကိုင်ရရှိမှုသည် ထိုးကျနေသည်။ ဩဂုတ်လတွင် ထုတ်လုပ်မှုလုပ်ငန်းများမှ အလုပ်သမား ၆၁၀၀၀ အလုပ်လက်မဲ့ဖြစ်ခဲ့သဖြင့် ၂၀၀၃ ခုနှစ်မှတွက်သော် အများဆုံးလဖြစ်သည်။ ဆောက်လုပ်ရေးကဏ္ဍတွင် ၈၀၀၀၊ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ၃၅၀၀၀ နှင့် အပန်းဖြေနားနေရေးလုပ်ငန်းများတွင် ၄၀၀၀အလုပ်သမားများလျှော့ချလျက်ရှိကြောင်း သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဗင်နီဇွဲလား အစိုးရ လောင်စာဆီဖြန့်ဝေမှုကို ချုပ်ကိုင်မည်

ကာရာကက်စ် စက်တင်ဘာ ၈

ဗင်နီဇွဲလားအစိုးရသည် နိုင်ငံအတွင်းရှိ လောင်စာဆီဖြန့်ဝေမှုလုပ်ငန်းများ လွှမ်းမိုးချုပ်ကိုင်မည့် ဥပဒေမူကြမ်းကို ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က စက်တင်ဘာ ၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဥပဒေအရ ဗြိတိသျှ ရေနံစိမ်း ရောင်းဝယ်သည့် ကုမ္ပဏီများဖြစ်သည့် မိုဘိုင်းကော်ပိုရေးရှင်းနှင့် ချီဗာရင်န် ကော်ပိုရေးရှင်းတို့သည် ရက်ပေါင်း ၆၀ အတွင်းမှာပင် ယင်းတို့၏ လုပ်ငန်းများကို အစိုးရထံ အပြီးအပိုင်အပ်နှံရမည်ဖြစ်သည်။ အဆိုပါ ဥပဒေကို သမ္မတချာဗက်ဇ်နှင့် အမျိုးသားလွှတ်တော်တို့ ပူးပေါင်းကာ မဲပေး၍ တညီတညွတ်တည်း ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေမူကြမ်းကို အမတ်နေရာ ၁၆၇ နေရာ ရရှိထားသော နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် ပိုဒီမို့စ်ပါတီမှ ဥပဒေပညာရှင်ခုနစ်ဦးက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ဥပဒေတွင် ပီဒီဗီအက်စ်အေ အမည်ရှိသည့် ရေနံစိမ်းကုမ္ပဏီမှ တစ်နိုင်ငံလုံးသို့ လောင်စာဆီများ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး နိုင်ငံရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၆၇ ရာခိုင်နှုန်းကို ပုဂ္ဂလိကပိုင်အဖြစ် ထားရှိရန် ပါဝင်သည်။

တစ်နိုင်ငံလုံးသို့ လောင်စာဆီများ ဖြန့်ဝေရာတွင် တိုင်ကီများတွင် သိုလှောင်၍လည်းကောင်း၊ ဓာတ်ဆီပန့်များဖြင့်လည်းကောင်း ပီဒီဗီအက်စ်အေကုမ္ပဏီမှထုတ်လွှတ်ရောင်းချသွားမည်ဖြစ်သည်။

အင်တာနက်။

ပြစ်မှုကျူးလွန်သူ ဒက်ထရွိုက်မြို့တော်ဝန် နုတ်ထွက်ရမည်

ဒက်ထရွိုက် စက်တင်ဘာ ၈

အမေရိကန်ပြည်ထောင်စု ဒက်ထရွိုက် မြို့တော်ဝန် ကွာမဲကားလ်ပက်ထရစ်သည် တရားခံတစ်ဦး၏ ဖြောင့်ချက်ထွက်ဆိုရန် ညှိနှိုင်းသဘောတူညီချက်တွင် တရားစီရင်ဆုံးဖြတ်ရာ၌ ဝင်ရောက်စွက်ဖက်ခြင်းနှင့် အဓိက ပြည်နယ်တစ်ခုတွင် အမေရိကန်သမ္မတ ရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုကို ထိခိုက်ရန် ခြိမ်းခြောက်နေသော အရှုပ်တော်ပုံတစ်ခုအား ထိမ်ချန်ထားသည့် ပြစ်မှုများကို ကျူးလွန်မိကြောင်း ကြာသပတေးနေ့တွင် ဝန်ခံလိုက်သည်။

ရာထူးမှ ထုတ်ပယ်ခြင်းခံခဲ့ရသော ရဲအရာရှိနှစ်ဦးက ဖမ်းဆီးအရေးယူနိုင်သည့် အပြစ်ကျူးလွန်သူတစ်ဦး၏ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ သန်းတန် ကျေအေးမှုတွင် ပြစ်မှုနှစ်ခုကို ကျူးလွန်ခဲ့သည်ဟုဆိုသည်။

အစိုးရရှေ့နေများက သူ၏ အမှုကိစ္စနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းရာ၌ လိမ်လည်ထွက်ဆိုခဲ့ကြောင်း၊ အဆိုပါ ကျေအေးမှုကို အတည်ပြုပေးခဲ့သော ဒက်ထရွိုက်မြို့တော် ကောင်စီသို့လည်း သူ၏ရုံးအဖွဲ့အကြီးအကဲနှင့် လူမှုရေးကိစ္စ လူသိရှင်ကြားပေါ်လာမည် စိုးရိမ်သည့်အတွက် လိမ်လည်ထွက်ဆိုခဲ့ကြောင်း စွပ်စွဲခဲ့သည်။

အဆိုပါထွက်ဆိုချက် ညှိနှိုင်းသည့်ကိစ္စနှင့်ပတ်သက်၍ ကားလ်ပက်ထရစ် (၃၈) နှစ်သည် မြို့တော်ဝန်အဖြစ်မှ နုတ်ထွက်ရမည့်အပြင် ထောင်လေးလ ကျခံရမည်ဖြစ်သည်။ ဒက်ထရွိုက်မြို့တော်ကောင်စီသို့လည်း လျော်ကြေးငွေ ပေးဆောင်ရမည်ဖြစ်သည်။ သူ၏ ဥပဒေလိုင်စင်ကိုလည်း ပြန်လည်အပ်နှံကာ ခံဝန်ချုပ်ဖြင့် ခုနစ်နှစ် နေထိုင်ရမည်ဖြစ်ပြီး ထိုကာလအတွင်း မြို့တော်ဝန်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့်ကိုလည်း ပိတ်ပင်ခြင်းခံရမည်ဖြစ်သည်။

သူ၏ များပြားလာသော ပြဿနာများသည် မြို့တော်အုပ်ချုပ်ရေးကို အဟန့်အတား ဖြစ်လျက်ရှိသည်။ သမ္မတ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု နောက်ဆုံးအဆင့် အပြင်းအထန်ယှဉ်ပြိုင်နေစဉ် ကာလတွင်လည်း ၎င်း၏အကျင့်စာရိတ္တအမည်းစက်များ ဒီမိုကရက်တစ်ပါတီဝင်များ အပေါ် ရိုက်ခတ်လာမည်စိုးသဖြင့် မြို့တော်ဝန် အဖြစ်မှနုတ်ထွက်ရန် ဖြစ်သည်။ ကားလ်ပက်ထရစ်သည် သူ၏ပါတီနှင့် မြို့တော်လူကြီးများ၏ ဖိအားပေးမှုကို ရင်ဆိုင်နေရပြီ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

ကျူးဘားနိုင်ငံသို့ ဟာရီကိန်း မုန်တိုင်းအိုင်ကီ ဝင်ရောက်တိုက်ခတ်ခြင်းကြောင့် လှိုင်းလုံးကြီးများကြီးမားစွာဖြစ်ပေါ်လာရာ ကမ်းခြေရှိ ငါးထပ်တိုက်တစ်လုံးအား ဝါးမျိုရန် အနေအထားကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟာရီကိန်းမုန်တိုင်းအိုင်ကီ ကျူးဘားကိုတိုက်ခတ် လူဦးရေတစ်သန်းကို ကယ်ဆယ်

ဟာဗားနား စက်တင်ဘာ ၈

ဟာရီကိန်းမုန်တိုင်းအိုင်ကီသည် အရှိန်အဟုန်ပြင်းစွာဖြင့် ကျူးဘားနိုင်ငံအတွင်းသို့ ဝင်ရောက်လာရာ လူဦးရေတစ်သန်းနီးပါးသည် မိမိတို့၏ အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။ အဆောက်အအုံအမိုးများကို လေပြင်းကဆွဲခွာသွားသကဲ့သို့ ရေလှိုင်းများကလည်း ဝါးမျိုပစ်သည်။

ကမ္ဘာလှည့်ခရီးသည် ၉၀၀၀ကျော်တို့ကို အနားယူအပန်းဖြေစခန်းများမှ ကယ်ဆယ်ထားရသည်။ ဟာဗားနား မြို့တော်လူထုကိုလည်း မုန်တိုင်းတိုက်ရိုက်တိုက်ခတ်မည့်အကြောင်း သတိပေးထားပြီးဖြစ်သည်။ ယိုယွင်းလျက်ရှိသော မြို့တော်၏ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများမှာလည်း အန္တရာယ်ကျရောက်လျက်ရှိသည်။

ပြီးခဲ့သည့်ညကတည်းက အိုင်ကီသည် မုန်တိုင်းအဆင့် ၃ဖြင့် ကျူးဘားနိုင်ငံ အရှေ့ဘက် ကမ်းခြေကို ဝင်ရောက်တိုက်ခတ်လျက်ရှိသည်။ ၎င်းသည် ဘဟားမားနှင့် ဟေတီနိုင်ငံတို့ကိုလည်း ဝင်မွှေခဲ့ရာ ဟေတီတွင် ၃၁၉ဦးသေဆုံးခဲ့ပြီဖြစ်သည်။

မုန်တိုင်းသည် တစ်ကျွန်းလုံးကို နေရာမလပ်မွှေနှောက်ပြီးနောက် မက္ကဆီကို ပင်လယ်ကွေ့နှင့် နယူးအော်လန်သို့ဝင်ရောက်ကာ အမေရိကန်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။ မုန်တိုင်းပြင်းအားအဆင့် ၂ သို့လည်း လျော့ကျသွားမည်ဟု တွက်ဆထားသည်။

ကျူးဘား အမျိုးသားမိုးလေဝသဌာနက ကျူးဘားကျွန်း၏ အရှေ့ဘက်တစ်ခြမ်းလုံးတွင် မိုးသည်းထန်စွာရွာသွန်းကြောင်း၊ မုန်တိုင်းကလည်း အရှေ့မြောက်ဘက်ကမ်းခြေတစ်လျှောက်ကို ခြိမ်းခြောက်လျက်ရှိကြောင်း ကြေညာသည်။

ဘာရာကိုအာမြို့မှလာသောသတင်းတစ်ရပ်တွင် အိုင်ကီမုန်တိုင်းကြောင့် ကြီးမားသော လှိုင်းလုံးကြီးများဖြစ်လာကာ ငါးထပ်မျှအထိမြင့်သော အဆောက်အအုံများကို ဖြိုချသွားကြောင်း၊ ဒါဇင်ပေါင်းများစွာရှိ အိမ်များမှာလည်း ပြုပြင်၍မရအောင် ပျက်စီးသွားကြောင်း ဖော်ပြထားသည်။

မုန်တိုင်းသည် ကျူးဘားနိုင်ငံ ကုန်းတွင်းပိုင်းသို့ တစ်နာရီလျှင် ၁၄မိုင်နှုန်းဖြင့် ရွေ့လျားလျက်ရှိသည်။

အင်တာနက်။

ဗြိတိန်နိုင်ငံအနှံ့အပြား မိုးသည်းထန်စွာရွာ

လန်ဒန် စက်တင်ဘာ ၈

ဗြိတိန်နိုင်ငံ အနှံ့အပြား၌ သောကြာနေ့က လေပြင်းမုန်တိုင်း တိုက်ခတ်ကာ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လူနေအိမ်များ မြုပ်အောင် ရေလျှံလျက်ရှိသည်။ လမ်းများရေလျှံသည့်အတွက် သွားလာရေး ခက်ခဲသွားသည်။

ဆိုးရွားစွာ ရေကြီးသည့် အချို့သော ဒေသများတွင် မိုးရေချိန် နှစ်လက်မအထိ ရွာသွန်းသည်ဟု မိုးလေဝသဌာနက ပြောကြားသည်။

မိုးလေဝသရုံးက ဝေးလ်ပြည်နယ်မှနေ၍ ဗြိတိန်အနောက်ဘက်ဒေသ၊ အရှေ့မြောက်ဘက်ဒေသများအထိ သတိပေးချက် ထုတ်ပြန်ထားသည်။

ဝေးလ်ပြည်နယ်တွင် ကားလမ်းများပေါ် ရေလွှမ်းနေသဖြင့် ရဲတပ်ဖွဲ့က အရေးပေါ်အခြေအနေမှလွဲ၍ ခရီးသွားလာခြင်း မပြုကြပါရန် သတိပေးလျက်ရှိသည်။ မီးရထားကုမ္ပဏီကလည်း ခရီးသည်များကို ခရီးမသွားကြပါရန် အကြံပြုလျက်ရှိသည်။ ကာဒစ်ဖ်ဒေသသို့ အသွားအလာခရီးစဉ်များကို ရေလွှမ်းခြင်းနှင့် လမ်းချော်နေခြင်းအတွက် ရပ်ဆိုင်းထားသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ စီကျန်ပြည်နယ် ဝင်လင်း တိရစ္ဆာန်ဥယျာဉ်၌ ခုနစ်နှစ်အရွယ် မျောက်ထီးဝူခုန်း (ယာ) နှင့် ခြောက်နှစ်အရွယ် မျောက်မလေးဇီယိုရာတို့ကို စက်တင်ဘာ ၄ ရက်က အထူးအစီအစဉ်တစ်ရပ် အနေဖြင့် လက်ထပ်ပွဲပြုလုပ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖရိကတွင် အမေရိကန်တပ်ဖွဲ့များရှိနေခြင်းကို လက်သင့်မခံကြောင်း ကဒါဖီ ပြောကြား

တူးနစ် စက်တင်ဘာ ၇

လစ်ဗျားခေါင်းဆောင် မွန်မာကဒါဖီသည် အာဖရိကတိုက်တွင် အမေရိကန်တပ်ဖွဲ့များ ဖြန့်ကြက်ချထားခြင်း မပြုရန် မြို့တော်ထရီပိုလီ၌ သောကြာနေ့တွင် သတိပေး ပြောကြားလိုက်သည်။

ကဒါဖီက အလည်အပတ် ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ထိုကဲ့သို့ သတိပေးစကား ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့များ အာဖရိကတိုက်၌ အခြေချခြင်းကို အာဖရိကပြည်သူများက ကိုလိုနီနယ်ချဲ့ခြင်းဖြစ်သည်ဟု ရှုမြင်ကြောင်း၊ ထိုအဖြစ်မျိုးကိုလည်း လက်သင့်ခံမည်မဟုတ်ကြောင်း ကဒါဖီက ပြောကြားသည်။

ပြန်လည်ပြောကြား

ရိုက်စ်က အမေရိကန်ပြည်ထောင်စုသည် အာဖရိကတိုက်တွင် စစ်စခန်းများ ထူထောင်ခြင်း သို့မဟုတ် တပ်ဖွဲ့များ ချထားခြင်းပြုမည်မဟုတ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဩဂုတ် ၂၂ရက်က အာဖဂန်နစ္စတန် အဇီဇာဘတ်ကို အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် ဒဏ်ရာရရှိသော အမျိုးသမီးတစ်ဦးကို ဆေးရုံတင်ထားရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗင်နီဇွဲလားနှင့် ရုရှားပူးတွဲစစ်ရေး လေ့ကျင့်မည်

ကာရာကာ့စ် စက်တင်ဘာ ၇

ဗင်နီဇွဲလားနိုင်ငံသည် ရုရှားရေတပ်နှင့်အတူ ၎င်း၏ ရေပိုင်နက်အတွင်း၌ ပူးတွဲစစ်ရေး လေ့ကျင့်လိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ဗင်နီဇွဲလား ထိပ်တန်းရေတပ်အရာရှိတစ်ဦးက ပူးတွဲစစ်ရေး လေ့ကျင့်မှုတွင် ရုရှားရေတပ်မှ စစ်သင်္ဘောလေးစင်း၊ တပ်ဖွဲ့ဝင် ၁၀၀၀ နှင့် ဗင်နီဇွဲလားမှ လေယာဉ်ပျံများနှင့် ရေငုပ်သင်္ဘောများလည်း ပါဝင်မည်ဟု ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုသည် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်နှင့် ဆက်ဆံရေး တင်းမာလျက်ရှိသည်။

ဇူလိုင်လအတွင်းက ချာဗက်စ်သည် အမေရိကန်၏ရန်မှ ၎င်း၏နိုင်ငံကို ကာကွယ်ရန် ရုရှားနိုင်ငံအား မဟာဗျူဟာမြောက် မဟာမိတ်ဆက်ဆံရန် တောင်းဆိုထားသည်။

ကာရာကာ့စ်နှင့် မော်စကိုတို့သည် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ရန်နှင့် ရုရှားစွမ်းအင်ကုမ္ပဏီသုံးခုအား ဗင်နီဇွဲလားတွင် ရေနံတူးခွင့်ပေးရန် သဘောတူခဲ့သည်။ စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်ဟုဆိုသည်။ ***အင်တာနက်။***

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ အနည်းဆုံး ခြောက်ဦးသေဆုံး

ပက်ရှ်ဝါ (ပါကစ္စတန်) စက်တင်ဘာ ၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့တွင် စက်တင်ဘာ ၆ ရက်က ရဲစခန်းတစ်ခုအနီး၌ ကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူခြောက်ဦး သေဆုံးပြီး ၄၀ ခန့် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ မည်သူ့လက်ချက်ဖြစ်သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိချေ။ သို့သော် ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သောနှစ်များက အယ်လ်ခိုင်ဒါ စစ်သွေးကြွများက လုံခြုံရေးတပ်ဖွဲ့များကို ပစ်မှတ်ထား၍ ကြိမ်ဖန်များစွာ ဗုံးခွဲတိုက်ခိုက်ခဲ့ကြသည်။

လွန်ခဲ့သောလက နုတ်ထွက်ခဲ့သည့် ပါဗက်ဇ်မူရှာရက်ဖ်၏ ရာထူးနေရာ ဆက်ခံရေးအတွက် သမ္မတသစ်ရွေးချယ်ပွဲကို ပြည်နယ်လေးခုနှင့် ပါလီမန်အတွင်း ပြုလုပ်နေစဉ် ယခုပေါက်ကွဲမှု ဖြစ်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်တွင် ကနေဒါတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ကဘူးလ် စက်တင်ဘာ ၇

အာဖဂန်နစ္စတန်တွင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ကနေဒါတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်သတင်းများအရ သိရသည်။

အာဖဂန်နစ္စတန် တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ကနေဒါတပ်ဖွဲ့ဝင်များ ပုံမှန်ကင်းလှည့်နေစဉ် သူပုန်များ၏ တိုက်ခိုက်ခြင်းကို ခံရခြင်းဖြစ်ကြောင်း စစ်ဘက်ထိပ်တန်း သတင်းပေးက ပြောကြားသည်။ တာလီဘန်များကို တိုက်ခိုက်လျက်ရှိသော မြောက်အတ္တလန္တိတ်စာချုပ် (နေတိုး)တပ်ဖွဲ့ အစိတ်အပိုင်းအဖြစ် ကနေဒါတပ်ဖွဲ့ဝင် ၂၅၀၀ကို အာဖဂန်နစ္စတန်တွင် တပ်စွဲထားသည်။

ယခုနောက်ဆုံးသေဆုံးမှုအပါအဝင် အာဖဂန်၌ အသက်ဆုံးရှုံးရသော ကနေဒါတပ်ဖွဲ့ဝင် စုစုပေါင်း ၉၆ ဦး ရှိသွားပြီဖြစ်သည်။ ***အင်တာနက်။***

လေယာဉ်ပျံသုံး လောင်စာဆီဈေးနှုန်း ကျဆင်းသွားသည့်အတွက် စင်ကာပူလေကြောင်းလိုင်း(အက်စ်အိုင်အေ)က နိုင်ငံတကာ ပျံသန်းသောခရီးစဉ်အချို့တွင် လေယာဉ်နှုန်းထားများကို လျှော့ချမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒပ်ဗလင်လေဆိပ်တွင် လုံခြုံရေး တပ်လှန့်

ဒပ်ဗလင် စက်တင်ဘာ ၇

အိုင်ယာလန် ဒပ်ဗလင်လေဆိပ်တွင် တနင်္ဂနွေနေ့က လေယာဉ်တစ်စင်းပေါ်၌ ဗုံးပါကြောင်း သတိပေးစာ တွေ့ရှိပြီးနောက် လုံခြုံရေး အထူးတပ်လှန့်ထားသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မှ ဒပ်ဗလင်သို့ ပျံသန်းလာသော လေယာဉ်သည် ဒပ်ဗလင်လေဆိပ်သို့ နံနက် ၉ နာရီခွဲတွင် ဆိုက်ရောက်လာသည်။

လေယာဉ်ဝန်ထမ်းတစ်ဦးက လေယာဉ်၏ ရေအိမ်ပေါ်၌ ဗုံးတစ်လုံးပါလာသည်ဟု ရေးထားသော စက္ကူတစ်ရွက်ကို တွေ့ရှိကြောင်း သတင်းပေးသည်။

တာဝန်ရှိသူများက လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များကို စစ်ဆေးမေးမြန်းမှု ပြုလုပ်ပြီး လေယာဉ်ပေါ်တွင် ပိုက်စိပ်တိုက် ရှာဖွေခဲ့သော်လည်း ဗုံးကို မတွေ့ရှိခဲ့ရပေ။

လေယာဉ်ပေါ်တွင် ခရီးသည် ၂၂၂ ဦး လိုက်ပါလာသည်။ အိုင်းရစ်ရဲတပ်ဖွဲ့က ဤကိစ္စကို စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်သည်။ ***အင်တာနက်။***

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် မြေပြို၊ လူ၂၀ သေဆုံး၊ ၂၃ဦးဒဏ်ရာရရှိ

ကိုင်ရို စက်တင်ဘာ ၇

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အရှေ့ဘက်တွင် စနေနေ့က မြေပြိုမှုဖြစ်ပွားရာလူ ၂၀သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများနှင့် သတင်းဌာနများက ပြောကြားသည်။

ကိုင်ရိုမြို့အရှေ့ဘက် နာဆာမြို့စွန်ရှိ အယ်လ်-ဒီဝီကာဒေသတွင် ဖြစ်ပွားခဲ့သည့် အဆိုပါ မြေပြိုမှုကြောင့် အခြားဒဏ်ရာရရှိသူ ၂၃ဦး ရှိကြောင်း သိရှိရသည်။

မူကတ်တင်န် တောင်ကုန်းအနီးရှိ တောင်ခြေတွင်ရှိသော အိမ်ခြေ ၃၀ ပေါ်သို့ တန်ချိန်၆၀နှင့်၇၀ခန့်အတွင်းရှိသည့် ကျောက်တုံးများ ပိမိသဖြင့် အိမ်များပျက်စီးခဲ့ရသည်။ကယ်ဆယ်ရေးဝန်ထမ်းများက စက်ယန္တရားများကို အသုံးပြုကာ ကျောက်တုံးကြီးများကို ဖယ်ရှားလျက်ရှိကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ဆင်ခြေဖုံးတွင် လူနေအဆောက်အအုံများအပေါ် ကျောက်တုံးများ ပြိုကျသောကြောင့် ဖြစ်ပေါ်လာသော အပျက်အစီးများကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နှင့် ဂျာမနီ တိုက်ရိုက်လေကြောင်းလိုင်း ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်

ပေကျင်း စက်တင်ဘာ ၇

တရုတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ရှိ မြို့တော်များအကြား တိုက်ရိုက်ပျံသန်းမည့်လေကြောင်းလိုင်းသစ်ကို သောကြာနေ့ ညနေ ၂နာရီ မိနစ်၃၀က စတင်ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ လေကြောင်းခရီးစဉ်များကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် ပျံသန်းပြေးဆွဲမည်ဖြစ်သည်။ ပေကျင်းမြို့မှ ညနေ ၂ နာရီ မိနစ် ၃၀ တွင် စတင်ထွက်ခွာမည့်လေယာဉ်သည် ဘာလင်မြို့သို့ ညနေ ၆ နာရီတွင်ဆိုက်ရောက်ပြီး ဘာလင်မြို့မှ ညဂနာရီ မိနစ်၂၀ တွင် ပြန်လည်ထွက်ခွာမည့်လေယာဉ်သည် ပေကျင်းမြို့သို့ နောက်တစ်နေ့ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း ဟိုင်နန်လေကြောင်းကုမ္ပဏီက ပြောကြားသည်။

ယင်းလေကြောင်း လိုင်းသစ်ကို ဟိုင်နန်လေကြောင်း ကုမ္ပဏီနှင့် ဘာလင် လေကြောင်းကုမ္ပဏီတို့က အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ထို့အပြင် ခရီးစဉ်များကို ဂျာမနီနိုင်ငံအပါအဝင် ဥရောပနိုင်ငံများရှိ မြို့များသို့ ဆက်လက်ပျံသန်းပြေးဆွဲပေးမည်ဖြစ်သည်။ ဂျာမနီနိုင်ငံမှ ခရီးသွားများအနေဖြင့် ပေကျင်းမြို့မှတစ်ဆင့် တရုတ်နိုင်ငံရှိ အခြား ၄၅မြို့သို့ သွားရောက်နိုင်တော့မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စာတတ်မြောက်ရေးကူညီပေး နောင်ရေးချမ်းသာပြည်သာယာ



ပန်းတောင်းသန်းကြွယ်

ယူနက်စကိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့သော ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် (A World Literacy Congress)က ကွန်ဂရက် စတင်ကျင်းပသည့်နေ့ရက်ကိုအကြောင်းပြု၍ နှစ်စဉ်နှစ်တိုင်း ထိုစက်တင်ဘာ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် ယူနက်စကိုအဖွဲ့ချုပ်ကြီးက သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။

ကမ္ဘာ့စာတတ်မြောက်ရေး လုပ်ငန်းကြီးကို တွန်းအားပေးနိုင်ရန် ယူနက်စကို အဖွဲ့ချုပ်ကြီးက ၁၉၉၀ပြည့်နှစ်ကို နိုင်ငံတကာစာတတ်မြောက်ရေးနှစ် (International Literacy Year) အဖြစ်သတ်မှတ်ပေးခဲ့သည်။ ထိုနှစ်တွင် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးကိုကျင်းပပြီး "လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်း"ကို ညှိနှိုင်းဆွေးနွေး အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ထိုကြေညာချက်အတိုင်း နိုင်ငံအသီးသီးက လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ၁၉၉၀ ပြည့်နှစ် စာမတတ်သူ ရာခိုင်နှုန်းကို ၂၀၀၀ ပြည့်နှစ်၌ ထက်ဝက်သို့လျှော့ချပစ်နိုင်ရန် ရည်မှန်း၍ ကြိုးပမ်းခဲ့ကြသော်လည်း ၁၉၉၉ခုနှစ်တွင် ပြန်လည်ဆန်းစစ်သောအခါတွင် ကမ္ဘာပေါ်တွင် လူဦးရေသန်း ၈၈၀ ခန့်မှာ လုံးဝစာမတတ်သေးကြောင်း တွေ့ရှိလာကြသည်။ ဒုတိယအဆင့် အရှိန်မြှင့်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ကိုယ်စားလှယ်များ တက်ရောက်ကြသော ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ကျင်းပသည့် ပညာရေးညီလာခံကြီးက လူတိုင်းအတွက် ပညာရေးအကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ဆောင်ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ၂၀၀၀ ပြည့်နှစ်တွင်ရှိသည့် စာမတတ်သူဦးရေထက်ဝက်ကို လျှော့ချနိုင်ရေးရည်မှန်းချက်များကို ထပ်မံချမှတ်ခဲ့ရပြန်သည်။

ကမ္ဘာ့ပညာရေး ညီလာခံကြီးက ချမှတ်ခဲ့သည့်အတိုင်း နိုင်ငံအသီးသီး၏ ကြိုးပမ်းမှုကြောင့် ယခုအခါ စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ တိုးမြှင့်လာခဲ့သော်လည်း စာမတတ်သေးသူဦးရေ ထုနှင့်ထည်နှင့်ရှိနေခြင်းမှာ ကမ္ဘာကြီးအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ယနေ့ ကမ္ဘာကြီးတွင် စာမတတ်သူ ရာခိုင်နှုန်း ၅၀ အထက်ရှိသော သို့မဟုတ် စာမတတ်သူဦးရေ ၁၀ သန်းကျော်အထက်ရှိသော နိုင်ငံပေါင်း ၃၃ နိုင်ငံစာရင်းပေါက်လျက် ရှိနေကြသည်။

စာရင်းဇယား အထောက်အထားများအရ ကမ္ဘာတွင် အမျိုးသမီးစာမတတ်သူ ရာခိုင်နှုန်းမှာ ၆၄ ရာခိုင်နှုန်းအထိ မြင့်မားလျက်ရှိကြောင်း တွေ့ရှိရသည်။ လူတိုင်းအတွက် ပညာရေး ဒါကာရည်မှန်းချက် (၆) ရပ်ကို ချမှတ်ခဲ့ရာတွင် ရည်မှန်းချက်(၄)၌ "အရွယ်ရောက်ပြီးသူများ (အထူးသဖြင့် အမျိုးသမီးများ)၏ စာတတ်မြောက်မှု အဆင့်အတန်းကို ၂၀၁၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း တိုးတက်ကောင်းမွန်စေရေးနှင့် အရွယ်ရောက်ပြီးသူတိုင်းအတွက် အခြေခံပညာနှင့် စဉ်ဆက်မပြတ် သင်ယူနိုင်မည့်အခွင့်အလမ်းများ တန်းတူညီမျှရရှိစေရေး"ဟူသော ရည်မှန်းချက်ကို တိကျစွာ ဖော်ပြခဲ့သည်။ ဒါကာရည်မှန်းချက်များအရ ကမ္ဘာ့စာတတ်မြောက်ရေးကို အားသွန်ကြိုးပမ်း ဆောင်ရွက်ဖြစ်ကြစေရန် ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နေ့တွင် ကျင်းပသည့် (၅၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၀၃ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ ဆယ်စုနှစ်ကို ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အဖြစ် ဆုံးဖြတ်သတ်မှတ်ပေးခဲ့သည်။

"အမျိုးသမီးတစ်ယောက်ကို ပညာသင်ကြားပေးခြင်းသည် နိုင်ငံကိုသင်ကြားပေးရာရောက်သည်" (Educate a woman, educate a Nation)ဟူ၍ပင် ဆိုရိုးစကားဖြစ်နေသည်။ ဆိုလိုရင်းမှာ အမျိုးသမီးတစ်ယောက် စာတတ်မြောက်လာပါက မိသားစုတစ်စုလုံးအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြည့်စုံသော မိသားစု အိမ်ထောင်ဘဝကို အဘက်ဘက်မှ ဖြည့်ဆည်းပေးနိုင်ရုံသာမက မိမိကိုယ်တိုင်၏ ပညာရေးကိုလည်း ဆက်လက်ရယူနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ၏ စာတတ်မြောက်ရေးကို အထူးကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်သည်။

စာတတ်မြောက်ရေးသည် လူတစ်ဦး၏ ဘဝအတွက်သာမက မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံအတွက်ပါ မရှိမဖြစ်သော အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ရာ ကမ္ဘာကြီး၏ အေးချမ်းသာယာရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် မဖော်ဆောင်ဘဲ နေ၍မရသော အလွန်အရေးကြီးသည့် အဓိကလုပ်ငန်းကြီးပင်ဖြစ်သည်။ ကမ္ဘာ့စာတတ်မြောက်ရေး၏ စိန်ခေါ်မှုတစ်ရပ်မှာ စာတတ်မြောက်ရေး အရေးကြီးသည်ဆိုသည့်အမြင်ကို လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးသို့ ပြောင်းလဲရန်ပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးခေတ်အဆက်ဆက်ကပင် စာတတ်မြောက်ရေးကို အလေးအနက်ထားခဲ့ရာ ထိုစဉ်ကာလက အထင်ကရ ရှိခဲ့သည့် ဘုန်းတော်ကြီးကျောင်းပညာရေးသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထိုခေတ်ထိုအခါက မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ စူးအက်တူးမြောင်းနှင့် ဂျပန်နိုင်ငံအကြားရှိဒေသ၌ အမြင့်ဆုံး ဖြစ်ခဲ့သည်ဟု နိုင်ငံတကာ ပညာရေးလေ့လာသူ နိုင်ငံခြားသားတစ်ဦးက မှတ်ချက်ပြုခဲ့ဖူးသည်။ ကိုလိုနီခေတ်ကာလတွင် စာတတ်မြောက်မှုနှုန်း လျော့ကျခဲ့ပြီး လွတ်လပ်ရေးရရှိပြီးနောက် တစ်နှစ်ထက်တစ်နှစ် ပြန်လည်တိုးတက်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားအများပြည်သူတို့အတွင်း စာမတတ်သူများကို စာတတ်မြောက်လာစေရေးအတွက် အများပြည်သူတို့၏ ကြိုးပမ်းအားထုတ်မှုများကို လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်ကာလအရ သုံးပိုင်းခွဲခြားလေ့လာနိုင်သည်။

- ၁၉၄၈ ခုနှစ်မှ ၁၉၆၂ခုနှစ်ကို ပထမပိုင်းကာလ
- ၁၉၆၄ခုနှစ်မှ ၁၉၈၈ ခုနှစ်ကို ဒုတိယပိုင်းကာလ
- ၁၉၈၈ခုနှစ်မှ ယနေ့ကာလအထိကို တတိယပိုင်းကာလ

ဟူ၍ ခွဲခြားနိုင်သည်။လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၏ စာတတ် မြောက်နှုန်းသည် ၃၅ ရာခိုင်နှုန်းသာရှိခဲ့သည်။

၁၉၆၄-၁၉၈၈ ခုနှစ်အတွင်း အခြေခံပညာ လူတိုင်းသင်ယူနိုင်ခွင့်ရရှိရေးကို ရှေးရှုကြိုးပမ်းခဲ့သည်။ ယင်းကာလ၏ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုသည် ပြည်သူအတွင်း စည်းရုံးရေးအသွင်ဖြင့် ဆောင်ရွက်ခဲ့ရာ ကမ္ဘာကျော်ခဲ့သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေး ကြိုးပမ်းမှုများကို ဂုဏ်ပြုသောအားဖြင့် ၁၉၇၁ ခုနှစ် စက်တင်ဘာ ၈ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် "မိုဟာမက်ရီဇာပါလာဗီ" ဆုကို လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် "နိုမာ"ဆုကို လည်းကောင်း ယူနက်စကို အဖွဲ့ချုပ်က ချီးမြှင့်ခဲ့သည်။ စာတတ်မြောက်ရေး ကြိုးပမ်းမှု ဒုတိယပိုင်းကာလ ၁၉၆၄-၁၉၈၈ ခုနှစ်ကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနရှိ ပညာရှင်များ ပါဝင်သောအဖွဲ့က"မြန်မာနိုင်ငံစာတတ်မြောက်ရေးမော်ကွန်း" အမည်ရှိ စာအုပ်တစ်အုပ်ပြုစုထုတ်ဝေနိုင်ခဲ့သည်။

၁၉၆၆ခုနှစ် ဒီဇင်ဘာလတွင် လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီကို နိုင်ငံတော်အဆင့် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီ၏ အောက်တွင် "လူတိုင်းအတွက် ပညာရေးလုပ်ငန်းဆိုင်ရာ ဦးစီးကော်မတီ" နှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ရွာအဆင့်အသီးသီးတွင် လူတိုင်းအတွက် ပညာရေးလုပ်ငန်းကော်မတီများဖွဲ့စည်း၍ စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၉၀-၁၉၉၅ ခုနှစ်အထိ စာတတ်မြောက်ရေးလုပ်ငန်းအကျိုးပြု ကျောင်းပြင်ပ ပညာရေးသုတေသနလုပ်ငန်းကို မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့နှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်ရန် မြန်မာနိုင်ငံပညာရေးသုတေသန ဦးစီးဌာနကို တာဝန်ပေးအပ်ခဲ့သည်။

၂၀၀၀ပြည့်နှစ်မှစ၍ အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်ဖြင့် ပညာရေးအထူးလေးနှစ်စီမံကိန်းနှင့် အနှစ် ၃၀ နှစ်ရှည်စီမံကိန်းတို့ကို ချမှတ်၍လူတိုင်းစာတတ်မြောက်ရေးအတွက် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးအစီအစဉ် နှစ်ရပ်စလုံးဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်အောင်မြင်လာခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ၉၄ ဒသမ ၃၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

ယခုရရှိထားသော စာတတ်မြောက်မှုနှုန်း ထပ်ဆင့် မြင့်မားစေရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းများ အပါအဝင် အများပြည်သူတို့ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ စာတတ်မြောက်ပြီးသူများအတွက်လည်း စာဖတ်ရှိန်မြှင့်တင်ရေးကို စနစ်တကျ ဖော်ဆောင်သွားရမည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန၏ လက်ရှိကြိုးပမ်းမှုဖြစ်သော ရပ်ရွာ ပညာပဒေသာဌာနများသည်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် နိုင်ငံတစ်ဝန်း ပေါ်ပေါက်ခဲ့ပြီးဖြစ်သော ကျေးရွာစာကြည့်တိုက်များသည်လည်းကောင်း စာဖတ်ရှိန်မြှင့်တင်ရေးကို များစွာ အထောက်အကူပြုလျက်ရှိသည်။

ယခုအခါ စာတတ်မြောက်ရေးနှင့် ပတ်သက်၍ "Literacy is not only to read the words, but also to read the world"ဟူ၍ စာတတ်မြောက်ရေးသည် စာလုံးသင်္ကေတ သက်သက်ကိုသာ ဖတ်ရှုရန်မဟုတ်၊ကမ္ဘာ့အခြင်းအရာများကိုပါဖတ်ရှုတတ်ရန်ဖြစ်ကြောင်း ကျယ်ပြန့်စွာ ဖွင့်ဆိုလာကြသည်။ ကမ္ဘာ့ပညာရေး ပညာရှင်တစ်ဦးကမူ "နှစ်ဆယ့်တစ်ရာစုခေတ်တွင် စာမတတ်သူများဟူသည် အရေး၊ အဖတ်၊ အတွက်မတတ်သူများ မဟုတ်တော့ဘဲ သင်ယူမှု၊ အဖန်တလဲလဲ သင်ယူမှုနှင့် တစ်ဖန်ပြန်လည်သင်ယူမှုတို့ကို မပြုသူများသာဖြစ်သည်"ဟူ၍ အဓိပ္ပာယ်သတ်မှတ်ချက်သစ်ကို ဖွင့်ဆိုထားသည်။

စာတတ်မြောက်မှုကိုဘဝတွင် လက်တွေ့အသုံးချခြင်းအားဖြင့် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ စာတတ်မြောက်ရေး အစီအစဉ်များတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်း၊ အသေးစား စီးပွားရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၊ အာဟာရပြည့်ဝရေးနှင့် HIV/AIDS အပါအဝင် ရောဂါကာကွယ်ရေးလုပ်ငန်းများကိုပါ ကျွမ်းကျင်လာစေရန် ချိတ်ဆက်သင်ကြားပေးနေသဖြင့် ရေရှည်တွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သားရွှေအိုးထမ်းလာသည်ကို မြင်ရသကဲ့သို့ အကျိုးထူးလှသော လူတိုင်းစာတတ်မြောက်ရေးလုပ်ငန်းများကို လူတိုင်း ပါဝင်ဆင်နွှဲခြင်း၊ ပံ့ပိုးကူညီအားပေးခြင်းတို့ဖြင့် လူတိုင်း ကမ္ဘာ့လူသားတစ်ဦး၏ တာဝန်ကို လေးမြတ်စွာ ထမ်းဆောင်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေး ကြိုးပမ်းမှုများကို ဂုဏ်ပြုသောအားဖြင့် ၁၉၇၁ ခုနှစ် စက်တင်ဘာ ၈ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် "မိုဟာမက်ရီဇာပါလာဗီ"ဆုကို လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် "နိုမာ"ဆုကို လည်းကောင်း ယူနက်စကို အဖွဲ့ချုပ်က ချီးမြှင့်ခဲ့။ စာတတ်မြောက်ရေး ကြိုးပမ်းမှု ဒုတိယပိုင်း ကာလ ၁၉၆၄-၁၉၈၈ခုနှစ်ကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနရှိ ပညာရှင်များပါဝင်သောအဖွဲ့က "မြန်မာနိုင်ငံစာတတ်မြောက်ရေးမော်ကွန်း"အမည်ရှိ စာအုပ်တစ်အုပ် ပြုစုထုတ်ဝေနိုင်ခဲ့။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကင်းမြို့နယ် (၉)ရပ်ကွက် အင်ကြင်းမြိုင်လမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရောဂါကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးရာ နံနက် ၇ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ တိုင်းရင်းဆေးရုံကြီး(ရန်ကုန်) အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် မြို့နယ်မှတာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်းနှင့် မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားနိုင်မှုအခြေအနေများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖြည့်စွက်မှာကြားပြီး ဗိုလ်ချို (၂) ရပ်ကွက် ငါးထပ်ကြီးဘုရားလမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေး ပညာပေးသင်တန်း ပို့ချနေမှုများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှုလုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊စစ်လုပ်ငန်းများ၊ခြင်ဆေးဖျန်းစက်ငါးလုံး အသုံးပြု၍ Block Spray စနစ်ဖြင့် နေရာလပ်မရှိ ကွက်ပြည့် ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်မှ တာဝန်ရှိသူများက မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားနိုင်မှုနှင့် ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကင်းမြို့နယ် အမှတ်(၉)ရပ်ကွက် အင်ကြင်းမြိုင် လမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ ကျန်းမာရေး ပညာပေး ဟောပြောပွဲ ဆောင်ရွက်နေမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ်၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်ရှစ်လုံး အသုံးပြု၍ Block Spray စနစ်ဖြင့် နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက် နံ့ရံကပ်စာစောင်ပြပွဲ ဟောပြောပွဲ လှိုင်သာယာမြို့နယ်၌ ကျင်းပ

လှိုင်သာယာ စက်တင်ဘာ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်နှင့် ဓာတ်ပုံ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၃ရက်က အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ် လက်ထောက်ပညာရေးမှူး၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေး)က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက ကျောင်းသားများနှင့် ရည်မှန်းချက် ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ မြို့နယ် ရဲတပ်ဖွဲ့မှူး ကိုယ်စား ဒုတိယရဲအုပ် ချစ်လွင်က ရည်မှန်းချက် မပျက်ရေး မူခင်း အသိပညာပေး ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်နော်သာဂေးကမြို့နယ်အတွင်းရှိကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးက လက်ခံရယူခဲ့ကြောင်းသတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိုင်းနှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄း၂၅	၆။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၈။	မျိုးချစ်တပ်မတော်
၅း၀၀	၉။	မြန်မာစာမြန်မာစကား
၅း၂၅	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၁၁။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	နိုင်ငံတကာသတင်း
၆း၂၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၆။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စံပါပဲ အပိုင်း(၁၄)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	အမျိုးသားရေးတေးကဗျာ
	၂၂။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ - နေမင်းကြီးတစ်ဆူ ဝင်တော်မူခြင်း
	၂၃။	မွေးမြူသုတ
	၂၄။	ဗွီစီဒီကျော်ကြားတေးများ
	၂၅။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖျူစင်ခြင်းရဲ့နောက်ကွယ် (အပိုင်း-၂၁)**
	၂၇။	သင့်အတွက်မနက်ဖြန်
	၂၈။	အပိုင်းနှုတ်ဆက်စကား
	၂၉။	ပြီးပါပြီ။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၈

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ် (၄၂)တွင် နေပြည်တော်တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲမှ အချက်အလက်များ၊ ကျော်ဟိန်းက ရက်ရက်စက်စက် စိန်ခေါ်မှုများ လုပ်ချလိုက်ပြန်ပြီ၊ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပတင်ပို့မှုတွင် စောင့်ကြည့်စစ်ဆေးသည့်အပြင် လိုအပ်ပါက စက်ရုံအတွင်းဝင်ရောက်စစ်ဆေးမည်၊စင်ကာပူတွင်အိုးအိမ်များ မြန်မာတို့ဝယ်ယူလျက်ရှိ၊ သေလုမျောပါးခံစားပြီး ခွာရောင်းခဲ့တဲ့ ဒေါ်လာသုံးသိန်းကျော်တန် ဆေးမင်ကြောင်ရုပ်၊ UNDP မှ စီမံချက်ကျေးရွာများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်နိုင်ရန် ငွေထုတ်ပေးမည်။ ပင်လယ်အတွင်း မျောနေသည့် ငါးဖမ်းသင်္ဘောမှ မြန်မာ ၃၇ဦးပါသင်္ဘောသား ၅၈ဦး ဗီယက်နမ်မှ ကယ်ဆယ်၊ မြန်မာ့ပင်လယ်ပြင်တွင် ဒေဝူးကရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တရားမဝင်ငွေလွှဲပို့ လုပ်ငန်းများ ထောင်ဒဏ်ကျခံရနိုင်၊ ထိုင်းနိုင်ငံ ချင်းရိုင်မြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် နယ်စပ်ကုန်သွယ်ရေးရပ်နား၊ လေဆိပ်ဆိုက်ရောက် ဗီဇာစနစ် စမ်းသပ်ကျင့်သုံးမည်၊ ပို့ကုန်လိုင်စင်များကို အချက်ငါးချက်ဖြင့် လျှောက်ထားနိုင်၊ ဘိန်းဖြူစွဲဆင်ကို ဆေးဖြတ်ပြီးတောထဲ ပြန်ပို့၊ အဆင့်မြင့် မိုဘိုင်းလ်ဟန်းဆက်များ ဝယ်လိုအားမြင့်တက်လာ၊ 3G မိုဘိုင်းလ်ဖုန်းများ မကြာမီသုံးစွဲတော့မည်၊ ချောင်းသာ ငွေဆောင် ငပလီ အပန်းဖြေစခန်းများ အောက်တိုဘာတွင်ဖွင့်လှစ်မည်၊ အီရန်ကိုတိုက်ခိုက်ခြင်းသည် အစ္စရေး၏ နောက်ဆုံးအမှားဖြစ်မည်၊ ဟစ်ဇ်ဘိုလာသည်မည်သည့်အခါမှ လက်နက်မချ၊ မက်ကိန်းနှင့် အိုဘားမားတို့အတွက် ရုရှားနှင့်နေတိုးပုစ္ဆာများ၊ ဂျော်ဂျီယာအနီးရှိ စစ်သင်္ဘောများအား ဆုံးမမည်ဟု ပူတင်က ကြိမ်းဝါး စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ယနေ့ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့ နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝူရှူးဒိုင်လူကြီးသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဝူရှူး အဖွဲ့ချုပ်က ကြီးမှူး ဖွင့်လှစ်သော ၂၀၀၈ ခုနှစ် ဝူရှူးဒိုင်လူကြီးသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၆ရက် နံနက် ၈နာရီက အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားဆု ရရှိကြသော ထောက်လှ အားကစားနည်းမှ ဒေါ်ခင်သူဇာဝင်း (ဘဏ္ဍာ/အခွန်) နှင့် ဆန်းဆိုအားကစားနည်းမှ ဦးအောင်မြင့်ထွန်း (ဘဏ္ဍာ/အခွန်) တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား တစ်ဦးအား ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များကသင်တန်းသား၊ သင်တန်းသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။ သင်တန်းကို စက်တင်ဘာ ၁ရက်မှ ၇ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြသည်။

(ကြေးမုံ)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၃၂) ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် အမြန်လမ်းမသစ်ကြီးကြောင့် ရန်ကုန်နှင့် နေပြည်တော်လေးနာရီဖြင့် ကားလမ်းခရီးပေါက်၊ ဂန္ထဝင်အနုပညာရှင်ကြီး ဝဏ္ဏကျော်ထင် ဒေါ်မေရှင်ကွယ်လွန်၊ ၅၀ နှစ်အထက် စာရေးဆရာကြီးများ မြန်မာသံစဉ် အဆိုပြိုင်ပွဲ ကျင်းပ၊ အင်းလျားကန်တွင် ရေထိန်းတံခါး ၁၂ခု တပ်ဆင်ပြီး၍ ရေသိုလှောင်မှု ၂ပေတိုးမြှင့်၊ ရေကြောင်းတက္ကသိုလ်ကျောင်းဆင်းများအား ကိုရီးယားသင်္ဘောလိုင်းတွင် အလုပ်ခန့်မည်၊ ဆေးဝါးလုပ်ငန်းစက်ရုံတွင် ကြက်ဥမှ မြွေပွေးအဆိပ်ဖြေဆေးထုတ်လုပ်ရန် သုတေသနပြုလျက်ရှိ၊ မြန်မာအပါအဝင်ခုနစ်နိုင်ငံမှ အသိအမှတ်ပြုခံရမည့် ကွန်ပျူတာသင်တန်းတစ်ခုကို ဖွင့်လှစ်မည်၊ ကိုရီးယားတွင် မြန်မာလုပ်သား ၂၀၀၀ ကျော်နှစ်စဉ်အလုပ်လုပ်ခွင့်ရမည်၊ ဘိုကလေးမြို့နယ်တွင် မိကျောင်းပါးစပ်အတွင်းမှ ရုန်းကန်၍ အသက်ဘေးမှ လွတ်မြောက်လာ၊ ဘင်္ဂလားပင်လယ်အော်တွင် သင်္ဘောနစ်မြုပ်ခဲ့ရာ မြန်မာအင်ဂျင်နီယာချုပ် တစ်ဦး သေဆုံးခဲ့ရ၊ ခြောက်လမ်းသွား မော်တော်ကားလမ်းနှင့် မီးရထားလမ်းပါသည့် ကမ္ဘာ့အကျယ်ဆုံး ဥမင်လိုဏ်ခေါင်းကြီး ရှန်ဟိုင်းမြို့တွင် ဖောက်လုပ်ပြီးစီး၊ ဘန်နဇာဘူတို၏ ခင်ပွန်း ပါကစ္စတန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရ၊ ပေ ၉၀၀၀ အမြင့်ရောက် မီးပုံးပျံပေါ်မှ ပြုတ်ကျသော်လည်း အသက် မသေ၊ ပူတင်ကြီး လက်ဖြောင့်သဖြင့် ဓာတ်ပုံဆရာများ ကျားစာမဖြစ်ခဲ့ရ စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့်ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချစ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့သာယာလှပရေးလုပ်ငန်း လမ်းဘေး ကပ်တိုးပေ ၃၀၀ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်အေး၊ အမှုဆောင်အရာရှိ ဦးလှမြင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးမင်းဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



မြန်မာ့လူ့အဖွဲ့အစည်းသည် ရှေးနှစ်ပေါင်းရာစုများစွာကတည်းက ပညာရေးအခြေခံကောင်းများ အခိုင်အမာတည်ရှိခဲ့
မြန်မာ့ပညာရေးစနစ်သည် လူတိုင်းစာတတ်မြောက်ရေးကိုသာမက စာရိတ္တပညာဖွံ့ဖြိုးရေး အခြေခံကောင်းများကိုပါ ဖော်ဆောင်နိုင်ခဲ့

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်အံ့" ခေါင်းစဉ်ဖြင့် ပထမဆုရ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အရှေ့တိုင်းပညာဌာနမှ နည်းပြ (အငြိမ်းစား) ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်)အား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်လာကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

✻ **ရွှေဖုံးမှ**

အဖွဲ့များနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများနှင့် ပါမောက္ခချုပ်များ၊ ပညာရေးကောလိပ် ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆုရရှိကြသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနား အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူများဖြစ်ကြသည့် မချောချောကုံ့ကော်ခိုင်နှင့် မထက်ဝန်းနန္ဒီအေးတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **'တို့အင် တို့အား'** သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားရာ၌ ကမ္ဘာ့နိုင်ငံအသီးသီးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် လူတိုင်းစာတတ်မြောက်ရေးသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်သည်ဆိုသည်ကို ယုံကြည်လက်ခံထားကြပြီးဖြစ်၍ စာတတ်မြောက်ရေးလုပ်ငန်းများကို တစ်ကမ္ဘာလုံး ဖြန့်ကြက်လွှမ်းခြုံ ဆောင်ရွက်နိုင်ရန် ကြိုးစားလျက်ရှိကြကြောင်း။

မြန်မာနိုင်ငံသည် ပြည်သူလူထု စာတတ်မြောက်ရေး လုပ်ငန်းများကို အစဉ်အမြဲ ကြိုးပမ်းအားထုတ်ခဲ့သည့် နိုင်ငံဖြစ်သည်နှင့်အညီ မိမိနိုင်ငံနည်းတူ စာတတ်မြောက်ရေး ကြိုးပမ်းနေသော ကမ္ဘာ့နိုင်ငံများနှင့်အတူ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ရင်း ယူနက်စကို အဖွဲ့ချုပ်ကြီး၏ လှုပ်ရှားဆောင်ရွက်မှုများကို ဂုဏ်ပြုသည့်အနေဖြင့်ရော၊ ကမ္ဘာ့ကုလသမဂ္ဂ မိသားစုအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနှင့်ပါ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကောင်းမြတ်သော အစဉ်အလာတစ်ရပ်အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း ယူနက်စကိုအဖွဲ့ချုပ်ကြီးကသတ်မှတ်ပေးထားသည့် **"စာတတ်မြောက်ရေး ဝိုင်းကူပေး၊ အကောင်းဆုံးသောကုသရေး (Literacy is the Best Remedy)"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ့လူ့အဖွဲ့အစည်းသည် ရှေးနှစ်ပေါင်း ရာစုများစွာကတည်းက ပညာရေးအခြေခံကောင်းများ အခိုင်အမာ တည်ရှိခဲ့ကြောင်းကို မြန်မာနိုင်ငံ၌ တွေ့ရှိရသည့် ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ရွှေပေချပ်၊ အုတ်ခွက်စာ၊ စဥ့်ကွင်းစာ၊ မင်စာ အထောက်အထားများက ဖော်ပြလျက်ရှိကြောင်း၊ မြန်မာ့ပညာရေးစနစ်သည် လူတိုင်းစာတတ်မြောက်ရေးကိုသာမက စာရိတ္တပညာ ဖွံ့ဖြိုးရေး အခြေခံကောင်းများကိုပါ ချမှတ်ဖော်ဆောင်နိုင်ခဲ့ကြောင်း။

ရှေ့ခေတ်အဆက်ဆက် စာတတ်မြောက်မှုနှုန်းမြင့်မားခဲ့သည့် မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် ကျရောက်စဉ် ကိုလိုနီပညာရေးစနစ်ကြောင့် လွတ်လပ်ရေးရရှိချိန်တွင် စာတတ်မြောက်မှု ၃၅ ရာခိုင်နှုန်းကို ကျဆင်းခဲ့ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးရပြီးသည့် အချိန်ကစပြီး စာတတ်မြောက်ရေးကြိုးပမ်းမှုများ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် မြန်မာအစိုးရ၏ စာတတ်မြောက်ရေး ကြိုးပမ်းမှုကို လေ့လာကြည့်မယ်ဆိုလျှင် ၁၉၄၈ ခုနှစ်တွင် ပညာရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးသည့်နောက် ၁၉၄၉ ခုနှစ် မတ်လကစ၍ လူထုပညာရေးကောင်စီအနေဖြင့် လူထုပညာရေးသင်တန်းများ၊ အသုံးလုံးကျေ သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့သည့်အတွက် ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်သူ ၅၇ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ကြောင်း။

စာတတ်မြောက်မှု အရှိန်အဟုန်မြင့်မားစေရေးအတွက် ၁၉၆၄ခုနှစ်က မိတ္ထီလာခရိုင်၌ အသုံးလုံးကျေ စာတတ်မြောက်ရေး လှုပ်ရှားမှုကို စတင်ခဲ့ပြီး မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် နှစ်စဉ် စာတတ်မြောက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၆၉ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်များတွင် ပြည်နယ်နှင့်တိုင်းလုံးကျွတ် စာတတ်မြောက်ရေး အောင်ပွဲများ ကျင်းပနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုများ အောင်မြင်မှုကြောင့် ၁၉၇၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် မိုဟာမက်ရီဇာပါလာဗီဆုနှင့် နိုမာဆုများကို ရရှိခဲ့ကြောင်း။

အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းအဆင့်ဆင့်တွင် ကျောင်းနေအရွယ် ကလေးများ ကျောင်းနေစေရေး၊ ကျောင်းပညာပြီးဆုံးအောင်၊ ကျောင်းနေမှန်၊ ကျောင်းနေမြဲစေရေးအတွက် ကျောင်းပညာရေး (Formal Education) ကို စနစ်တကျ မြှင့်တင်ဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်လွန် ကလေးများ စာတတ်မြောက်စေရေးအတွက် သက်မွေးဝမ်းကျောင်း လုပ်ငန်းခွင်အကျိုးပြု ကျောင်းပြင်ပပညာရေး (Non Formal Education) ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ကိုယ်တိုင်သင်ယူ ပညာရေး (Informal Education) လုပ်ငန်းများကိုလည်း အရှိန်အဟုန်နှင့် အကောင်အထည်ဖော်လျက်ရှိကြောင်း။

အမျိုးသားပညာရည်မြင့်မားရေးအတွက် အခြေခံအကျဆုံးလုပ်ငန်းစဉ်ဖြစ်သည့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးအကောင်အထည်ဖော်ခဲ့သည့်အတွက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် (၅)နှစ်အရွယ် ကလေးများ ကျောင်းဝင်နှုန်းသည် ၉၈ ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာ သင်ကြားနိုင်ပြီး အလယ်တန်း၊ အထက်တန်းပညာများ ဆက်လက်သင်ယူနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး၌ မူလတန်းကျောင်း ၂၉၂၄၃ ကျောင်း၊ မူလတန်းလွန်ကျောင်း ၆၄၆၃ကျောင်း၊ အလယ်တန်းအဆင့်ကျောင်း ၂၇၀၅ ကျောင်း၊ အထက်တန်းအဆင့်ကျောင်း ၂၁၆၃ကျောင်း စုစုပေါင်း ကျောင်း ၄၀၅၇၄ကျောင်း ဖွင့်လှစ်သင်ကြားလျက် ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် လုပ်ငန်းခွင် ပြောင်းရွှေ့လုပ်ကိုင်နေသည့် မိသားစုဝင်များ၏ ကလေးငယ်များ ပညာသင်ကြားရေး မထိခိုက်စေရန်အတွက် ရွှေ့လျားကျောင်း (Mobile School) များ ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သော မသန်စွမ်းကလေးများအတွက် ပုံမှန်ကလေးများနည်းတူ ပညာသင်ယူခွင့် အခွင့်အလမ်းများ ဖန်တီးပေးသည့် လူတိုင်း အကျုံးဝင်ပညာရေး (Inclusive Education) ကိုလည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုတစ်ဝန်းလုံးတွင်ရှိသည့် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများပါမကျန် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆက်လက် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် ၂၀၀၈ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်းအသီးသီးတွင် စာသင်ဝိုင်းပေါင်း ၁၈၄၂၄ ခုနှင့် စာတတ်မြောက်ရေး သင်ကြားပေးနိုင်ခဲ့ပြီး စာမတတ်မြောက်သေးသူ ၈၆၈၄၃၂ ဦးကို စာတတ်မြောက်စေခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် နယ်စပ်ဒေသများတွင် နွေရာသီ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကိုလည်း အကောင်အထည် ဖော်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားအထူးဒေသ ၁၈ ခုတွင် တိုင်းရင်းသား ပြည်သူစုစုပေါင်း ၃၅၅၄၅ ဦးကို စာပေသင်ကြားပေးနိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုများကြောင့် တစ်နိုင်ငံလုံး၏ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့ရာတွင် ယခု ၂၀၀၈ခုနှစ် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းကို ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်း မြင့်မားသည့် (က)အုပ်စုဝင် နိုင်ငံအဖြစ်ရပ်တည်လျက်ရှိနေကြောင်း။

အခြေခံ စာတတ်မြောက်မှုနှုန်း မြင့်မားလာသည်နှင့်အမျှ စာတတ်မြောက်မှု ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရန် စဉ်ဆက်ပညာရေး အစီအစဉ် (Continuing Education Programme)ကိုလည်း ချမှတ်အကောင်အထည် ဖော်လျက်ရှိကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ရာတွင် စဉ်ဆက်ပညာရေး အစီအစဉ်များဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေး အစီအစဉ်များကို ထိရောက်စွာဆောင်ရွက်ပေးနိုင်သည့် ရပ်ရွာပညာပဒေသာဌာန (Community Learning Centre) များကို တည်ထောင်ဖွင့်လှစ်နိုင်ရေး အားပေးစီမံဆောင်ရွက်ခဲ့ကြောင်း။

ယခုကဲ့သို့ ပညာရေးပတ်ဝန်းကျင် အခြေခံကောင်းများကို ဖော်ဆောင်ပြီး စဉ်ဆက်ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ **'မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်'**ဆိုသည့် မြန်မာ့ပညာရေး ရည်မှန်းချက်ကို ပြီးမြောက်အောင်မြင်စေမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ယခု ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"စာတတ်မြောက်ရေးဝိုင်းကူပေး၊ အကောင်းဆုံးသော ကုသရေး"** (Literacy is the Best Remedy) ဆိုသည့်

အတည်ပြုချိန် ၃း၅၀

ဆောင်ပုဒ်နှင့်အညီ စာတတ်မြောက်မှု အခြေခံလုပ်ငန်းများ ပြီးမြောက် အောင်မြင်လာသည်နှင့် အမျှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကြီးမားစွာ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **မြန်မာ့ လူ့အဖွဲ့အစည်း၏ ကောင်းမြတ်သည့်ပညာရေး အစဉ်အလာကောင်းများနှင့်အညီ စာတတ်မြောက်ရေး လုပ်ငန်းများ အရှိန်အဟုန်မပျက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောက်ရွက်ကြပါ။**
- **နိုင်ငံတကာ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစဉ်အလာမပျက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါ**ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ၂၀၀၈ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ခေတ္တဌာနေညှိနှိုင်းရေးမှူး Mr. Ramesh Sherestha က ဖတ်ကြားသည်။

ယင်းနောက် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ ၂၀၀၈ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင်အထွေထွေ အတွင်းရေးမှူး၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော် ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသားကျောင်းသူများက'ဇာတိမာန်'သီချင်းဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး က ၂၀၀၈ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတို့၌ အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် 'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့' ခေါင်းစဉ်ဖြင့် ပထမဆုရ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) အရှေ့တိုင်းပညာဌာနမှ နည်းပြ(အငြိမ်းစား) ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်)၊ ဒုတိယဆုရ တပ်မတော် ဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာဝန် ဗိုလ်လောင်းချမ်းငြိမ်းသူ(ချမ်းငြိမ်းသူ)နှင့်တတိယဆုရ ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုး (နွယ်လေး-မြန်မာစာ)တို့အားလည်းကောင်း၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် 'လူသားရင်းမြစ် ဖွံ့ဖြိုးရေး စာတတ်မြောက်ရေးကြိုးပမ်းပေး' ခေါင်းစဉ်ဖြင့် ပထမဆုရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းမှ စတုတ္ထနှစ်သင်တန်းသူ မဆုစန္ဒီဝင်း၊ ဒုတိယဆုရ ပုသိမ်ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ပထမနှစ် သင်တန်းသူ မနော်အယ်ဂျွန်ဖေ့ာနှင့် တတိယဆုရ မုံရွာပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ပထမနှစ်သင်တန်းသူ မထူးရွှေရည်အိမ်တို့အား လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် 'စာပေသည်သာ ဘဝရှေ့ဆောင်'ခေါင်းစဉ်ဖြင့် ပထမဆုရ မကွေးတိုင်း တောင်တွင်းကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မနှင်းနှင်းအောင်၊ ဒုတိယဆုရ ချင်းပြည်နယ် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မဝုန်စန်းကျင်းနှင့် တတိယဆုရ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသားမောင်သန်းတိုးအောင်တို့အားလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ၌ 'သည်းချာရင်သွေး စာတတ်ရေး ဝိုင်းဝန်းကြိုးပမ်းပေး' ခေါင်းစဉ်ဖြင့် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ပဥ္စမတန်း ကျောင်းသား မောင်အောင်သီ၊ ဒုတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်း ကျောင်းသူ မအိချယ်ငြိမ်းနှင့် တတိယဆုရ မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မကေခိုင်သင်းတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးကြိုးပမ်းမှု ဗီဒီယိုအစီအစဉ်ကို ပြသသည်။

ထို့နောက် နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'လူတိုင်းအတွက် ပညာရေး' သီချင်းဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် တက်ရောက်လာကြသည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ပြခန်း၌ ခင်းကျင်းပြသထားသော ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ကော့သောင်းမြို့၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၃ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြိတ်မြို့သို့ရောက်ရှိရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၉နာရီတွင် ကော့သောင်းလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ပတ်ဝန်းကျင် သန့်ရှင်းလှပသာယာရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့နယ် မဏ္ဍပသကခန်းမ၌ ကော့သောင်းခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ရှေးဦးစွာတွေ့ဆုံပွဲ၌ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်နှင့်တာဝန်ရှိသူများက ကော့သောင်းခရိုင်၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊လူမှုရေး၊ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ကမ်းနားလမ်းရှိ ဘုရင့်နောင်ကုန်းတော်သို့သွားရောက်ပြီး ကုန်းတော်သန့်ရှင်းလှပရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုန်းတော်ပေါ်မှ ပါချန်မြစ် ရေစီးဆင်းမှုတို့ကို ကြည့်ရှုသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ထားသည့် ဆိပ်ကမ်းသာပန်းခြံအား ကြည့်ရှုစစ်ဆေးပြီး ပန်းခြံကို ယခုထက်ပိုမိုလှပအောင် ဆောင်ရွက်ထားရှိရေးနှင့် ရေတိုက်စားမှုမှ ကာကွယ်ထားရှိရေးတို့ကို တာဝန်ရှိသူတို့အား မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ မြို့မ လူဝင်/လူထွက်နယ်စပ် ဖြတ်ကျော်စစ်ဆေးရေးဂိတ်ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ကမ်းနီးရေလုပ်ငန်းကုမ္ပဏီများ ဒိုင်သို့ ရောက်ရှိပြီး ရေထွက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီများ၏ ငါးဒိုင်များအား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဖမ်းဆီးရမိသည့် ငါးများနှင့် ငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့သီရိမြိုင်ရပ်ကွက်ရှိ ပုလုံးတုံးတုံးတံတားသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက တံတားနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကိုမှာကြားပြီး တံတားပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ တံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားသည် ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက်နှင့် ပုလုံးတုံးတုံးကျွန်းတို့ကို ဆက်သွယ်ထားသည့် တံတားဖြစ်ပြီး အရှည် ၂၆၉၁ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၅ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၅ပေ၊ တံတားခံနိုင်ဝန်တန်မှာ (၃/၄)တန်ဖြစ်ပြီး တံတားအမျိုးအစားမှာ သစ်သားတံတားဖြစ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ပုလုံးတုံးတုံးကျွန်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ကျွန်းပေါ်ရှိ ရွှေကျွန်းသာ အပန်းဖြေစခန်းနှင့် ကမ်းခြေ ရွှေနဒီ အပန်းဖြေစခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်သာအေးသည် ကော့သောင်းမြို့နယ်မြေခံတပ်နယ်ခန်းမ၌ ကော့သောင်းတပ်နယ်မှ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး တပ်နယ် မိသားစုဝင်များအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကော့သောင်းမြို့ ကမ်းနီးရေလုပ်ငန်းကုမ္ပဏီများဒိုင်တွင် ငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❍ ကျော်ဖုံးမှ

ကမ္ဘောဇအသင်း - သုံးဂိုး
(စိုးမင်းဦး- နှစ်ဂိုး၊ အောင်မိုး တစ်ဂိုး)
ဘဏ္ဍာ/အခွန်အသင်း- တစ်ဂိုး (ရန်ပိုင်)
ဒိုင်လူကြီး- ဦးဝင်းချို

လေးကြိမ်မြောက် ကျင်းပသည့် မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ် ပြိုင်ပွဲတွင် ကမ္ဘောဇအသင်းက နာမည်ကြီး ဘဏ္ဍာ/အခွန်အသင်းကို အနိုင်ရရှိကာ ချန်ပီယံဆုဖလားကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးရရှိသွားသည်။ ရာသီအကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် ကမ္ဘောဇအသင်းမှာ ရာသီသစ်တွင် ရလဒ်ကောင်း စတင်ရရှိသွားခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲသုံးကြိမ်တွင် နှစ်ကြိမ် ဗိုလ်စွဲထားသည့် ဘဏ္ဍာ/အခွန်အသင်းမှာ ယခု အကြိမ်တွင် ထပ်မံဗိုလ်စွဲရေးကြိုးစားသော်လည်း ဦးဆောင်ဂိုးရရှိပြီးမှ ဂိုးများ ပြန်ပေးရကာ ရှုံးနိမ့်သွားခဲ့သည်။

ယနေ့ပွဲမှာ ကမ္ဘောဇအသင်းကို အသစ်ပြောင်းရွှေ့လာသည့် ကစားသမားများခြေစွမ်းပြသော ပွဲဟုဆိုနိုင်ပြီး အောင်မိုးနှင့်အတူ ပြောင်းရွှေ့လာသည့် စိုးမင်းဦးမှာလည်း ဒုတိယပိုင်းတွင် ခြေစွမ်းပြကာ ကမ္ဘောဇအသင်းကို ဆုဖလားရရှိစေမည့် အနိုင်ဂိုးနှစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းမှာ လူငယ်ကစားသမားအများစုပါဝင်သော ကမ္ဘောဇအသင်းနှင့် ယှဉ်မကစားနိုင်တော့ဘဲ နောက်ခံလူများ၏ အမှားအချို့မှ ဂိုးများပေးခဲ့ရခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းအတွက် အနိုင်ဂိုးများကို ၆၈မိနစ်နှင့်၇၃မိနစ်တို့တွင် စိုးမင်းဦးတစ်ဦးတည်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းအနိုင်ရသွား၍ တစ်ခဲနက်လာရောက်အားပေးကြသော ကမ္ဘောဇဘဏ်ဝန်ထမ်းများ အားပေးရကျိုး နပ်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ ကမ္ဘောဇအသင်းသည် ဘဏ္ဍာ/အခွန်အသင်းနှင့် (၇)ကြိမ်တွေ့ဆုံထားရာတွင် လေးကြိမ်မြောက်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ထောက်ပံ့သည့် အဆင့်မြင့်တန်းအသင်းများအား တစ်သင်းလျှင် ဘောလုံးငါးလုံးစီ၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းအသင်းများအား တစ်သင်းလျှင်ဘောလုံးသုံးလုံးစီဖြင့် စုစုပေါင်းကျပ် ၂၅ သိန်း ခြောက်သောင်းဖိုးရှိ ဘောလုံးများကို ပေးအပ်ရာ ကာကွယ်ရေးအသင်းအုပ်ချုပ်သူက လက်ခံရယူသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ဒုတိယဆုရ ဘဏ္ဍာ/အခွန်အသင်းအား ငွေကျပ်ငါးသိန်းပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က ပထမဆုရ ကမ္ဘောဇအသင်းအား ဆုဖလားနှင့် ငွေကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်သည်။

အနိုင်ရဗိုလ်စွဲသွားသော ကမ္ဘောဇအသင်းအား ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းမှ ငွေကျပ်သိန်း ၁၀၀ချီးမြှင့်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အတီးပြိုင်ပွဲ
၇း၅၅	၅။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၀၀	၆။	၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)(ဝါသနာရှင် ဒုတိယတန်းအဆင့်) (အမျိုးသမီး)
၈း၃၀	၇။	International News.
၈း၄၅	၈။	အကပဒေသာ
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၁၅	၃။	တေးဂီတအစီအစဉ်
၄း၂၅	၄။	အဆိုပြိုင်ပွဲ
၄း၃၅	၅။	"နောက်မကျရအောင်" (မင်းသူ၊ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့်) (ဒါရိုက်တာ-ကြည်စိုး)
၄း၄၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၅း၄၀	၈။	၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)(အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၀	၁၀။	မိုးလေဝသအခြေအနေ
၆း၁၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၅	၁၂။	သုတစုံလင်ရွှေညဏ်ရှင်
၇း၁၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်"(အပိုင်း-၈)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်"(အပိုင်း-၈)**
	၁၈။	အစီအစဉ်ပြီး၏။

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏

ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိ စာသင်တိုက် ၂၆ တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ နှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရှိ ဇိနမာန်အောင် စေတီတော်မြတ်ကြီး ဝိမုတ္တိရသဓမ္မဗိမာန်တော်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိ စာသင်တိုက် ၂၆ တိုက်သို့ လှူဒါန်းမှုမှာ ဆွမ်းဆန်တော် ၃၆၈ အိတ်နှင့် ကိုးပြည်၊ ဆီ ၂၁၁၅ ပိဿာ၊ အိုင်အိုဒင်းဆား ၂၁၁၅ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၄၅၂ ဘူး၊ လေဆာသွားတိုက်ဆေး ၄၂၃ ဘူး၊ သွားတိုက်ဆားဘူး ၄၂၃ ဘူး၊ ပဲ ၄၂၃ပိဿာ၊ ဂေါ်ဇီလာခြင်နိုင်ဆေးခွေဘူး၃၂၀၊ ဗလာစာအုပ်ဒါဇင် ၅၀၀၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်ထုပ် ၅၀၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၂၅၂၉၈၀၀၀ တို့ဖြစ်သည်။

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၁၆ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲကို ညနေ ၄ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အင်းစိန်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၁၆ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ လှူဒါန်းမှုမှာ ဆွမ်းဆန်တော် ၃၇၂ အိတ်နှင့် ခြောက်ပြည်၊ ဆီ ၂၆၉ပိဿာ ၂၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၁၉၇၈ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၄၂၁ ဘူး၊ ပဲ ၃၉၈ ပိဿာ ၆၀ ကျပ်သား၊ သွားတိုက်ဆားဘူး ၃၉၆ ဘူး၊ အိုကီဆပ်ပြာကရင် လေးဖာ၊ လေဆာသွားတိုက်ဆေးဘူး ၂၈၈ ဘူး၊ ဂေါ်ဇီလာ ခြင်နိုင်ဆေးဘူး ၃၂၀၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်ထုပ် ၅၀၀၊ ဖယောင်းတိုင်အထုပ်၅၀၊ လက်ဖက်ခြောက်ထုပ် ၅၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၁၆၁၉၁၀၀၀ တို့ဖြစ်သည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ရွှေပြည်သာ စက်မှုဇုန် ကနောင်ခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်နှင့် တိုင်း/ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များက လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။ **(အပေါ်ပုံ)** (၃၂၉)

စမ်းချောင်းမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၃၀ ရက်က ကျင်းပရာ Grade-9 မှ ဖွံ့ဖြိုးရေး (စာစီစာကုံး) ထူးချွန်ဆုရရှိသူ မရတနာဇော်အား ကျောင်းအုပ်ဆရာကြီး ဦးမြသိန်း ဆုချီးမြှင့်စဉ်။ (၅၄၂)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

မြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၈

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၅၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

ယမန်နေ့မှအဆက်

မယ်ဒလင်ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ လေ့လာရန် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်

(က) ရေယမုန် (ပတ်ပျိုး)
(ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဂ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
(ဃ) တောမြိုင်စွန်း (ယိုးဒယား)
(င) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
(စ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဆ) မန္တလာဘုံ (ဘွဲ့)
(ဇ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(က) ယမုန်နာ (ပတ်ပျိုး)
(ခ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)
(ဂ) သုဝဏ္ဏသာမ (ကာလပေါ်)(စောင်းဦးဘသန်း)

၃။ အဆင့်မြင့်ပညာအဆင့်

(က) မြိုင်ဟေမာ (ယိုးဒယား)
(ခ) မေတ္တာဂုဏ် (ကာလပေါ်)(ပြည်လှဖေ)
(ဂ) ဘုန်းမိုးရွာစွေ (ကြိုး)

၄။ အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)အဆင့်

(က) အတိုင်းမသိမင်္ဂလာဩဘာ (ဘွဲ့)
(ခ) ရောင်တော်ဖွင့် (ကာလပေါ်)(စိန်ပါတီ)
(ဂ) အောင်မင်္ဂလာ (ယိုးဒယား)

၅။ အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)အဆင့်

(က) ဝေဘာဂီရိ (ကြိုး)
(ခ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) ပဥ္စသိခ် (ကာလပေါ်)(ဒေါ်ကြည်အောင်)

၆။ အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)အဆင့်

(က) တံ့လှည့်မေတ္တာ (ကာလပေါ်)(မေလှမြိုင်)
(ခ) စိမ်းလဲ့လဲ့ (ကြိုး)
(ဂ) သာယာ (ကြိုး)

ဂီတာပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ လေ့လာရန် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်

(က) ယမုန်နာ (ပတ်ပျိုး)
(ခ) မှုံပြာဝေ (ယိုးဒယား)
(ဂ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(ဃ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)
(င) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(စ) အမင်းမင်းခရ (သီချင်းခံ)
(ဆ) မန္တလာဘုံ (ဘွဲ့)
(ဇ) တောမြိုင်ခြေလမ်း (ယိုးဒယား)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(က) ဂုဏ်တော်ဖွင့် (ကာလပေါ်)(ပြည်လှဖေ)
(ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ဂ) ဟေဝန်မြိုင်လမ်း (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်

(က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
(ခ) နန်းဘုံသီဟာဗွေ (ယိုးဒယား)
(ဂ) စည်တော်ကြီး (ကာလပေါ်)(ဦးဘခိုင်)

၄။ အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)အဆင့်

(က) တီးယွန်းအောင်စည် (မြင်းခင်းကြိုး)
(ခ) စိတြဂီဝါ (ကာလပေါ်)(ဒေါ်ကြည်အောင်)
(ဂ) ကန္တာတောခြေ (ယိုးဒယား)

၅။ အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)အဆင့်

(က) သီလာမြေယံ (ကြိုး)
(ခ) ချစ်ရေစင် (ကာလပေါ်)(ဒေါ်မေရှင်)
(ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၆။ အခြေခံပညာအသက် (၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)အဆင့်

(က) သီတာ (ကြိုး)
(ခ) သာယာ (ကြိုး)
(ဂ) မေတ္တာ (ကာလပေါ်)(မြသက်မူ)

ဒုံမင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ လေ့လာရန် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း) အဆင့်

(က) ကြံကြံဖန်ဖန် (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) မှိုင်းပြာဝေ (ပတ်ပျိုး)
(ဃ) မြန်ချာမြေကို (ပတ်ပျိုး)
(င) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(စ) ခါနွေဆန်း (ယိုးဒယား)
(ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဇ) ဩဘာမင်္ဂလာ (ဘွဲ့)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(က) ယမုန်နာ (ပတ်ပျိုး)
(ခ) အောင်မင်္ဂလာ (ယိုးဒယား)
(ဂ) ဝိစိတြ (ကာလပေါ်) (ဒေါ်ကြည်အောင်)

၃။ အဆင့်မြင့်ပညာအဆင့်

(က) ဝေဇယန္တာ (ယိုးဒယား)
(ခ) မှိုင်းရိပ်ကယ်တည့် (ကြိုး)
(ဂ) ဖုတ်သွင်းရထား (ကာလပေါ်) (ပြည်လှဖေ)

၄။ အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)အဆင့်

(က) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)
(ခ) ဗောဓိပင်နှင့်ရွှေပလ္လင် (ကာလပေါ်) (ဒေါ်ကြည်အောင်)
(ဂ) နန်းဘုံသီဟာဗွေ (ယိုးဒယား)

၅။ အခြေခံပညာအသက် (၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)အဆင့်

(က) မင်္ဂလာသီရိ (ဘွဲ့)
(ခ) ဇေယျာအောင်ချာ (ကြိုး)
(ဂ) မဟာဇနက (ကာလပေါ်) (ခင်မောင်ရင်)

၆။ အခြေခံပညာအသက် (၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) အဆင့်

(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) သီရိဂေဟာ (ကာလပေါ်) (ခင်စန်းကြည်)
(ဂ) သာယာ (ကြိုး)

✪ **ကျောဖုံးမှ**

ရှိသော ကင်းလော့စ် တော်ဝင် လေတပ်မတော် မောနီတာဂြိုလ်တုမှ ထိုကယ်ဆယ်ရေးအချက်ပြကို ဖမ်းယူ ရရှိခဲ့သည်။

သုတေသနအဖွဲ့မှ အသုံးပြုသော ကယ်ဆယ်ရေးအချက်ပြကိရိယာသည် ၄၀၆ အမ်အိတ်ချ်ဇက် အမျိုးအစား ဖြစ်ပြီး အင်္ဂလန်တွင် မှတ်ပုံတင်ထားသည်။ ၎င်းသည် ဂျီပီအက်စ် (GLOBAL POSITIONING SYSTEM) စနစ်ကိုအသုံးပြုထားသည်။ အဆိုပါစနစ်သည် မည်သည့်အရပ်မှ အချက်ပြနေသည်ကို ငါးစက္ကန့် အတွင်း တိကျစွာရှာဖွေပေးနိုင်သည်။

စက်တင်ဘာ ၄ ရက် ဗြိတိသျှစံတော်ချိန် ၂၂း၀၀ နာရီခန့်တွင် ကင်းလော့စ်တော်ဝင် လေတပ်မတော် စခန်းရှိ လေကြောင်း ကယ်ဆယ်ရေး ညှိနှိုင်းမှု ဗဟိုဌာနမှ ယူကေမစ်ရှင် ကွပ်ကဲရေး ဗဟိုက ထိုအချက်ပြကို စစ်ဆေးခဲ့သည်။

အာအေအက်ဖ် မော်နီတာဂြိုဟ်တု ဖမ်းယူရေးဌာနမှ အော်ပရေတာတစ်ဦး သည် ရုရှားနိုင်ငံမှ ကယ်ဆယ်ရေး သမားများထံသို့ ဆက်လက်အကြောင်း ကြားခဲ့သည်။ ရုရှားကယ်ဆယ်ရေး သမားများက ရဟတ်ယာဉ်တစ်စင်းဖြင့် ကန်ချက်ကာသို့သွားခဲ့ကြသည်။

ရာသီဥတု ပြင်းထန်သည့်အတွက် ဒုက္ခသည်အမျိုးသမီးကို ကယ်ဆယ်သည့်အခါ အခက်အခဲများစွာ ကြုံတွေ့ရသည်။ ကန်ချက်ကာသဘာဝ ဥယျာဉ်အတွင်းမှာ မြေမျက်နှာပြင် ကြမ်းတမ်းလှသည့်အတွက် ထိုဒေသ၏ သွားလာရေးမှာ မြင်းသို့မဟုတ် ရဟတ်ယာဉ်ကိုသာ အားကိုးကြရသည်။

အာအေအက်ဖ်မှ ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး တပ်ကြပ်ကြီး တင်ဒစ် ကင်ဆင်က စကော့တလန်ဝန်ထမ်း တစ်ဦးအနေဖြင့် ရုရှားနိုင်ငံက ကယ်ဆယ်ရေးသမားများကို ယခုကဲ့သို့ ကယ်ဆယ်ရေး တပ်လှန့်ရခြင်းသည် ယခင်က တစ်ကြိမ်မျှ မဖြစ်ခဲ့ဖူးကြောင်း ဘီဘီစီသို့ ပြောကြားသည်။

နော့တင်ဟန်တက္ကသိုလ် ပြောရေး ဆိုခွင့်ရှိသူက မတော်တဆ ထိခိုက် ဒဏ်ရာရရှိသူသည် ကင်ဘာလေဝါဒင် ဖြစ်ကြောင်း၊သူ့ကို ရုရှားနိုင်ငံအက်စ်ဆို မြို့သို့ ရဟတ်ယာဉ်ဖြင့် ပို့ဆောင် ပေးခဲ့ကြောင်း အတည်ပြုပြောကြား သည်။

အင်တာနက်။

၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပထမဆုရရှိသောပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်အသင်းအား ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေး ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် မန္တလေးတိုင်း မိတ္ထီလာမြို့ ခရိုင်အားကစားကွင်း၌ ကျင်းပရာ ပင်မထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်အသင်းနှင့် အမှတ်(၃၂၃) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်း အသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြပြီး ပင်မထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်အသင်းက သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက် ပထမဆု၊ ဒုတိယဆု၊ အသန့်ရှင်းဆုံးဆုရရှိသော ဘောလုံးအသင်းများ၊ နေရာအလိုက် အကောင်းဆုံးရရှိသော အားကစားသမားဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သန်းဌေးက ပထမဆုရရှိသော ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

New Zero အဖွဲ့ ပန်းချီအနုပညာလက်ရာများပြပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

New Zeroအဖွဲ့ ပန်းချီအနုပညာလက်ရာများ ၂၀၀၈ ပြပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်အနုပညာခန်းမ၌ ယနေ့မှ စက်တင်ဘာ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ရာ အောင်မြင့်၊အောင်အောင်ထိုက်၊ အေးကိုနှင့် ငြိမ်းချမ်းစုတို့ပါဝင်သည့် ပန်းချီအနုပညာရှင် ၂၉ ဦးတို့ရေးဆွဲဖန်တီးထားသည့် တပ်ဆင်မှုအနုပညာ သုံးခု၊ ပန်းပုတစ်ခုနှင့် ပန်းချီ ၃၃ ကားတို့ကို ခင်းကျင်းပြသထားပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၄ နာရီပတ်လုံး ရောင်းသူ၊ ဝယ်သူတို့ဖြင့် စည်ကားနေသော သီရိမင်္ဂလာဈေးကြီး

ဈေးကွက်သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်) သတင်းဓာတ်ပုံ-သက်ထက်ကို (ဘော်ဂါမြေ)

မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝအရ သစ်သီးဝလံ-ပန်းမန် တို့သည် နေ့စဉ်သီးကြ၊ ပွင့်ကြလေရာ ထိုအသီး၊ အပွင့်တို့သည် ဒေသအသီးသီးမှ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးကြီးသို့ ကုန်းလမ်းမှ တစ်သွယ်၊ ရေလမ်းမှတစ်ဖြာ နေ့စဉ်စီးဝင်လျက် ရှိနေပေသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန လက်အောက်ရှိ သီရိမင်္ဂလာဈေးကြီးကို ၁၉၉၇ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ရောင်းချနိုင်ခဲ့သည်။

ဈေးကြီးမှာ သုံးထပ်ဖြစ်ပြီး ဈေးရုံကြီးပေါင်း ခုနစ်ရုံ၊ ဆိုင်ခန်းပေါင်း ၂၁၄၇ ခန်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ရုံ(က)တွင် ကုန်စိမ်း၊ ကွမ်း၊ မှျစ်၊ ရုံ(ခ)တွင် သစ်သီး၊ ကုန်စိမ်း၊ ကန်စွန်းဥ၊ ပြောင်းဖူး၊ ပီလောပီနံ၊ ရုံ(ဂ)တွင် တညင်း၊ ဂေါ်ဖီ၊ ပန်းသီး၊ ရုံ(ဃ)တွင် အုန်း၊ ငှက်ပျော၊ ရုံ(င)တွင် စားသောက်တန်း၊ ပန်းတန်း၊ ရုံ(စ)တွင် ကုန်ခြောက်၊ အထည်နှင့် ငါးခြောက်တန်း၊ ရုံ(ဆ)တွင် ငါးပိနှင့် ရေထွက်ပစ္စည်းဆိုင်များ အသီးသီး နေရာပေး ရောင်းချလျက်ရှိသည်။

ဈေးရုံကြီးမှာ ၂၄နာရီပတ်လုံး ရောင်းသူ၊ ဝယ်သူတို့ဖြင့် အမြဲမပြတ် စည်ကားလျက်ရှိနေသည်။ ဤသို့ စည်ကားနေရခြင်းမှာလည်း ဈေးကြီး၏ဆောင်ပုဒ်ဖြစ်သော သန့်ရှင်းရေးကောင်းရမည်။ လုံခြုံရေးကောင်းရမည်။ စည်းကမ်းကောင်းရမည်ဟူသော ကောင်းခြင်းသုံးရပ်ကို ဈေးအုပ်ချုပ်ရေးကော်မတီနှင့် ရောင်းသူတို့မှ စနစ်တကျ လက်တွေ့အကောင်အထည်ဖော်နိုင်သောကြောင့်လည်း ဖြစ်ပေသည်။

ရုံခွဲတာဝန်ခံများ၏ခေါ်ဆောင်မှုကြောင့် ပန်းတန်းသို့ စတင်ရောက်ခဲ့ရာ ရောင်စုံဖူးပွင့်နေသော ပန်းဥယျာဉ်ကြီး အလား ပန်းခင်းကြီးကို မျက်စိတစ်ဆုံး မြင်တွေ့လိုက်ရသည်။ သစ္စာပန်း၊ ဂန္ဓမာ၊ မေမြို့၊ ပန်းထိမ်ငို၊ နှင်းဆီ၊ စိန်ခြယ်၊ ဒေါနု၊ ဇော်စိမ်း၊ ဇော်ကျား၊ ဇော်လုံး၊ ရွက်လှ၊ ဂမုန်း၊ အောင်သပြေ၊ ကျောက်သပြေ၊ ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်းတို့ကလည်း မွှေးရနံ့ထုံထုံ၊ အရောင်အသွေး အစုံစုံဖြင့် သူ့ထက်ငါအလှပြိုင်နေကြသည်။ ထိုပန်းခင်းကြီးကြားမှ ထူးခြားစွာ မြင်တွေ့လိုက်ရသည်ကား မူဆယ်နှင့် မြဝတီလမ်းကြောင်းမှဝင်လာသော နိုင်ငံခြားမျိုးသစ်ခွ၊ ကာနေရှင်းနှင့် တိုက်ဂါးလီလီပန်းများ ဖြစ်သည်။

ဖရဲသီးများကလည်း အစုလိုက်၊ အပုံလိုက် ကြိုက်ရာ အလုံး ရွေးဝယ်နိုင်သည်။

ကာနေရှင်းပန်းမှာ တစ်မျိုး ကြည့်ကောင်းလှပြီး အရောင်အဆင်းစိုပြည်လှသည်။ မူဆယ်မှတစ်ဆင့် ပြည်တွင်းသို့ ဝင်လာသောပန်းဖြစ်သည်။ အပွင့်အကြီးအသေး ပေါင်းစပ်ထားပြီး အပွင့် ၂၀ တစ်စည်းလျှင် ကျပ် ၁၅၀၀ ဈေးခေါ်ရောင်းချလျက်ရှိသည်။ ထို့အပြင် တိုက်ဂါးလီလီဟု အမည်ပေးထားသော သစ်ခွပန်းမှာလည်း အဖြူ အနီ၊ ပန်းရောင် အရောင်သုံးမျိုးရှိရာ ဆယ်ပင်တစ်စည်းကို ကျပ် ၈၀၀၀ ဝန်းကျင် ရောင်းချနေသည်။ အများအားဖြင့် ဧည့်ခံပွဲများတွင် အသုံးပြုကြကြောင်းသိရသည်။ မြဝတီဘက်မှဝင်သော သစ်ခွများမှာ ပွင့်ဖတ်နူးညံ့လှပြီး ခရမ်း၊ အဝါ၊ အဖြူ အရောင်သုံးမျိုးရှိသည်။ အရောင်အသွေး လိုက်၍ အပင် ၃၀ တစ်စည်း ကျပ် ၂၀၀၀ မှ ကျပ်၃၀၀၀ ကြားရောင်းချနေကြောင်း တွေ့ခဲ့ရသည်။

ပန်းကုန်သည်များ၏ ပြောပြချက်အရ ယခုရာသီတွင် မြေပြန့်ပန်းများ အဝင်နည်းပြီး တောင်ပေါ်ပန်းများ အဝင်များကြောင်းသိရသည်။ မေမြို့မှ သစ္စာပန်း(ရှိုးပန်း)မှာ အရောင်အသွေး၊ အပင်လုံးလှပြီး ဈေးကောင်းရကြောင်း၊ ရွှေတောင်ထွက် သစ္စာပန်းမှာ ငါးပင်စည်း ငါးစည်းပေါင်း အစည်းကြီးတစ်စည်းလျှင် အရောင်အသွေးကိုလိုက်၍ ကျပ် ၇၀၀ မှ ကျပ် ၁၂၀၀အထိ ဈေးရကြောင်း၊ ပန်းထိမ်ငိုပန်းမှာ နှစ်ထပ်ပန်း၊ တစ်ထပ်ပန်းနှစ်မျိုးရှိ၍ နှစ်ထပ်ပန်းမှာ အစည်းကြီးတစ်စည်း ကျပ် ၁၅၀၀မှ ကျပ် ၁၈၀၀ အထိ ဈေးရှိပြီး၊ ဂန္ဓမာ(ကြွေဖြူ)မှာ ငါးပင်တစ်စည်း ကျပ် ၄၅၀ ဖြစ်ကြောင်း သိရသည်။ မော်ဘီမှဝင်သော သစ္စာပန်းများမှာ ဈေးအလွန်ပေါလှပြီး ဖောက်သည်ဈေးအစည်းသေးငါးဆယ်ပါ တစ်စည်းကို ကျပ် ၈၀၀၀ မှ ကျပ် ၉၀၀၀ ကြား အရောင်းအဝယ်ဖြစ်ကြသည်။ ရပ်ကွက်ဈေးလေးများအတွင်းဝယ် တစ်စည်းကျပ် ၂၀၀ မှ ၂၅၀ အထိ ပြန်ရောင်းကြသည်။

ရာသီစာဖြစ်သော သြဇာသီးများကလည်း ထင်းရှူးပုံးလေးများ၊ ဝါးခြင်းလေးများဖြင့် ပုပ္ပား၊ ပြည်၊ အောင်လံတို့မှနေ့စဉ်ဝင်လျက်ရှိသည်။ အကြီးအသေးရောရာ အလုံး ၂၀ မှ ၂၅ လုံးပါ ထင်းရှူးပုံးလေး တစ်ပုံးလျှင် ကျပ် ၁၅၀၀ မှ ကျပ် ၁၈၀၀၊ အလုံး ၄၀ မှ ၅၀ပါ ခြင်းတစ်ခြင်းလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ အထိ အရောင်းအဝယ်ရှိသည်။ မူဆယ်နှင့် မြဝတီမှ ပန်းသီး(အကြွပ်သီး)များ၊ လိမ္မော်သီးများလည်း စတင်ဝင်နေပြီကို တွေ့ခဲ့ရသည်။

ဈေးတစ်ဖက်ခြမ်းရှိ ဖရဲသီးတန်းမှာလည်း တစ်မျှော်တစ်ခေါ်ပင် မြင်တွေ့နေရသည့်အတွက် အနီးဆုံးတစ်ဆိုင်သို့ ဝင်ရောက်ခဲ့သည်။ မန္တလေးတိုင်း သာစည်မြို့နယ် ကြက်မော်ကျေးရွာမှ ဖရဲများဖြစ်ကြောင်း သိရသည်။ ဖရဲအကျားတစ်လုံး ကျပ် ၁၅၀၀ ဝန်းကျင်နှင့် အဖြူတစ်လုံး ကျပ် ၁၀၀၀ ဝန်းကျင် ရောင်းချနေကြောင်း မြင်တွေ့ခဲ့ရသည်။ နောက်ရက်သတ္တပတ် ဝန်းကျင်၌ သဲတော၊ ဝမ်းတွင်း၊ တပ်ကုန်း၊ စစ်ကိုင်းမှ ဖရဲများလည်း ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း ဖရဲကုန်သည်များထံမှ ကြားသိခဲ့ရသည်။

ဂေါ်ဖီကုန်သည် ဦးအာလကူးဆိုင်သို့ ရောက်ပြန်တော့ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမှ ဂေါ်ဖီ၊ ပန်းဂေါ်ဖီထုပ်များ နေ့စဉ်ကားကြီး၊ ကားလေး ၁၀ စီးမှ ၁၄ စီးခန့် ဝင်နေကြောင်း ကြားသိရသည်။ ဈေးကြီးရှေ့တွင်လည်း ကုန်ချနေသော ၁၀ ဘီး ကားကြီးများကို မြင်တွေ့လိုက်ရသည်။ အထက်ဘက်တွင် ဝယ်ဈေးမြင့်ပြီး မြေပြန့်တွင် ရောင်းဈေးနိမ့်နေကြောင်း၊ ထို့ကြောင့် အရောင်းအဝယ်အနည်းငယ်အေးကြောင်း ကြားသိရသည်။

ကုန်ကားကြီးများဆီသို့ ချဉ်းကပ်စနည်းနာကြည့်ပြန်ရာ စက်သုံးဆီဈေး ကျလာသည့်အတွက် ၁၀ ဘီးကုန်တင်ယာဉ်ကြီး တစ်စီးငှားခ ကျပ် ၅၀၀၀၀ အထိ လျှော့ချပေးထားကြောင်း၊ အခြားစရိတ်စက လျှော့ချနိုင်သည်နှင့် အမျှ ယခုထက်ပို၍ သယ်ယူစရိတ်များ လျှော့လာနိုင်ကြောင်း၊ သယ်ယူစရိတ်များ လျော့လာသည်နှင့်အမျှ ကုန်ဈေးနှုန်းလည်း ဆက်၍ ကျသွားနိုင်ပါကြောင်း ယာဉ်ပိုင်ရှင်တစ်ဦး၏အမြင်ကို တင်ပြရင်း ဈေးကွက်သတင်းကို ကွင်းဆင်းလေ့လာ ရေးသားတင်ပြလိုက်ရပါသည်။ ။

ပန်းဈေးကြီးအတွင်း စိတ်ကြိုက် ရွေး၍ ဝယ်နေကြသူများ။

မြန်မာနိုင်ငံ ပထမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-KLT)ကြေညာချက်

ကိုရီးယားသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံကြား သဘောတူညီမှုစာချွန်လွှာအရ ကိုရီးယားနိုင်ငံသို့ လုပ်သားခေါ်ယူမှုစနစ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (EPS-KLT)အား အောက်ဖော်ပြပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားသား လုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော လုပ်သားများ အားလုံးသည် ကိုရီးယားအလုပ်သမားဝန်ကြီးဌာန သတ်မှတ်ချက်အရ ကိုရီးယား လူ့စွမ်းအား ဖွံ့ဖြိုးမှုအဖွဲ့အစည်းမှကျင်းပသော ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ရမည် ဖြစ်သည်။

❑ **စာမေးပွဲနေ့ရက်နှင့်အချိန်** : ၁၉-၁၀-၂၀၀၈ ရက် (တနင်္ဂနွေနေ့)

✳ ဖြေဆိုသူအသိပညာပေးခြင်း : ၀၉း၃၀ နာရီ မှ ၁၀း၃၀ နာရီ

✳ စာမေးပွဲဖြေဆိုခြင်း : ၁၀း၃၀ နာရီ မှ ၁၁း၄၀ နာရီ

❑ **ရွေးချယ်မည့်(အကြို)သတ်မှတ်ဦးရေ** : ၃၅၀၀

✳ **သတ်မှတ်အမှတ်(၈၀မှတ်)နှင့်အထက်ရရှိသူများထဲမှ အမှတ်အများမှအနည်းအစဉ်လိုက် အားဖြင့်အယောက် (၃၅၀၀) အထိသာရွေးချယ်သွားမည်။**

❑ **စာဖြေဌာနနှင့် နေ့ရက်၊ အချိန်** : ၁၃-၁၀-၂၀၀၈ရက် (တနင်္လာနေ့) သတင်းစာကြေညာချက်။

❑ **သတ်မှတ်ချက်များ**

- အသက် (၁၈)နှစ်အထက် (၃၉)နှစ်အောက်
  (၁၉၆၉ခုနှစ် ၁၀ လပိုင်း ၂၀ ရက်မှ ၁၉၉၀ ပြည့်နှစ် ၁၀ လပိုင်း ၁၉ ရက်အတွင်း မွေးဖွားသူ)
- ထောင်ဒဏ်နှင့်၎င်းအထက်ပြစ်ဒဏ်ကျခံဖူးခြင်းမရှိသူ
- ကိုရီးယားနိုင်ငံမှ နှင်ထုတ်ထားခြင်းခံရသော/ပြန်ပို့ခြင်းခံထားရသော မှတ်တမ်းမရှိသူ
- မိခင်နိုင်ငံမှပြည်ပသို့ထွက်ခွာရန်တားမြစ်ခြင်းမခံရသူ

❑ **လျှောက်လွှာတင်သွင်းခြင်း**

(၁)လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက် : ၁၅-၉-၂၀၀၈ရက်မှ၁၉-၉-၂၀၀၈ရက်အထိ(၅ရက်ကြာ)

(၂) လျှောက်လွှာထုတ်ပေး/လက်ခံဌာန : ရွှေအင်း၀ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက် အမှတ်(၈/ခ)၊(၈)မိုင်၊ပြည်လမ်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

(၃) လျှောက်လွှာတင်ရမည့်နည်းလမ်း : ကိုယ်တိုင်လာရောက်တင်ရမည်။

(၄)လိုအပ်သည့် စာရွက်စာတမ်းများ

- စာမေးပွဲလျှောက်လွှာ (**လျှောက်လွှာလက်ခံမည့်ဌာနမှ ထုတ်ပေးမည်**)

✳ လျှောက်ထားသူသည် စာမေးပွဲလျှောက်လွှာဖြည့်စွက်စဉ် မျှော်မှန်းအလုပ်အကိုင် အမျိုးအစားကို ရွေးချယ်ပေးရမည်ဖြစ်ပြီးထိုရွေးချယ်ချက်အား ပြန်လည်ပြင်ဆင်၍ မရသောကြောင့် ဂရုတစိုက်ဖြင့် ရွေးချယ်ရပါမည်။

- နိုင်ငံကူးလက်မှတ်(သို့မဟုတ်)နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် မိတ္တူ (၂)စောင် စာမေးပွဲလျှောက်လွှာတွင် နိုင်ငံကူးလက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူအားကပ်ပေးရပါမည်။
- (၃ ဒသမ ၅မမ × ၄ ဒသမ ၅မမ) ပတ်(စ်)ပို့ဓာတ်ပုံ(၃)ပုံ (၆-လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ)
- အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့် မိတ္တူတစ်စောင် (**တင်ထားပြီးသူများ မလိုပါ**)
- ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထောက်ခံချက်မူရင်း တစ်စောင် (**တင်ထားပြီးသူများမလိုပါ**)
- သက်ဆိုင်ရာရဲစခန်းမှထောက်ခံချက်မူရင်း တစ်စောင် (**တင်ထားပြီးသူများ မလိုပါ**)

(၅) **စာမေးပွဲဖြေဆိုခ : 17 US$ နှင့် ညီမျှသော မြန်မာငွေ**

✳ လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင်လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

- စာမေးပွဲလျှောက်လွှာ ပယ်ဖျက်ခြင်းနှင့် စာမေးပွဲကြေး ပြန်လည်ထုတ်ယူရန် လျှောက်ထား ရမည့်နေရာ
- စာမေးပွဲကြေးပြန်လည်ထုတ်ယူရန်နေရာ : လျှောက်လွှာလက်ခံဌာန
- စာမေးပွဲကြေးပြန်လည်ထုတ်ပေးမည့်ကာလ : ၁၅-၉-၂၀၀၈ရက်မှ ၁၉-၉-၂၀၀၈ ရက်အထိ (၅ရက်ကြာ)

❑ **စာမေးပွဲနှင့် ပတ်သက်သည့်အချက်များ**

(၁) စာမေးပွဲပုံစံနှင့် အမှတ်ပေးစည်းမျဉ်း

မေးခွန်းပုံစံ	မေးခွန်းအရေအတွက်	အမှတ်ပေါင်း	ဖြေဆိုချိန်
အကြားစွမ်းရည် (Listening)	၂၅	၁၀၀	၃၀ မိနစ်
အဖတ်စွမ်းရည် (Reading)	၂၅	၁၀၀	၄၀ မိနစ်
စုစုပေါင်း	၅၀	၂၀၀	၇၀ မိနစ်

✳ ဓမ္မဓိဋ္ဌာန် မေးခွန်းများ (multiple-choice questions)

✳ အကြားစွမ်းရည်နှင့် အဖတ်စွမ်းရည်စာမေးပွဲအား နားချိန်မထားဘဲ ဆက်တိုက်ဖြေဆိုရမည်။

✳ စာမေးပွဲမေးခွန်းကို ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းမှထုတ်ထားသော မေးခွန်း၂၀၀၀ ထဲမှစာမေးပွဲမေးခွန်းထုတ်မည်ဖြစ်သောကြောင့် အောက်ဖော်ပြပါ အင်တာနက်လိပ်စာများမှ အခမဲ့ကူးယူနိုင်ပါသည်။

- Shwe Inn Wa Co.,Ltd. Homepage : (http://www.shweinnwamanpower.com)
- www.eps.go.kr ' ➡ overseas ➡ Customer Center ➡ FAQ (or)
- www.hrdkorea.or.kr (Korean language site) ➡ Individual Customer ➡ Foreign Worker EPS-KLT ➡ No.2 item

(၂) စာမေးပွဲဖြေဆိုသည့်ရက်တွင် ယူဆောင်လာရန်

- ဖြေဆိုခွင့်ကတ်ပြား
- နိုင်ငံကူးလက်မှတ်(သို့မဟုတ်)နိုင်ငံသားစိစစ်ရေးကတ်ပြား

✳ စာမေးပွဲလျှောက်လွှာတွင် ကပ်ထားသော မိတ္တူနှင့်တူညီသော နိုင်ငံကူးလက်မှတ်(သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားစာမေးပွဲဖြေဆိုသည့်ရက်တွင် နိုင်ငံကူးလက်မှတ်(သို့မဟုတ်) နိုင်ငံသား စိစစ်ရေးကတ်ပြား မယူဆောင်လာသောသူသည် စာမေးပွဲအား ဖြေဆိုခွင့်မရှိပါ။

- OMR အဖြေလွှာသုံး အနက်ရောင် ကွန်ပျူတာသုံးဆေးဘောပင် (Felt tip pen)

❑ **အောင်စာရင်းကြေညာခြင်း**

(၁) ကြေညာမည့် ရက် : ၃-၁၁-၂၀၀၈ရက်(တနင်္လာနေ့)

(၂) ကြေညာမည့် နည်းလမ်း : ရွှေအင်း၀ကျော်ငြာသင်ပုန်း
Home Page (http://www.shweinnwamanpower.com)
: ကိုရီးယားနိုင်ငံ နိုင်ငံခြားလုပ်သားခေါ်ယူမှုစနစ်
Home Page (http://www.eps.go.kr)

❑ **လမ်းညွှန်ချက်**

- စာမေးပွဲအောင်မြင်သူများ၏ အမှတ်စာရင်းအား အောင်စာရင်း ကြေညာသည့်ရက်မှ စ၍ ခုနစ်ရက်အကြာ ၁၀-၁၁-၂၀၀၈ ရက်တွင် ရွှေအင်း၀ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်တွင် ထုတ်ပေးပါမည်။
- စာမေးပွဲဖြေဆိုချိန်တွင် လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ PDA၊ MP3၊ လျှပ်စစ်လက်ကိုင် အဘိဓာန်နှင့် အခြားသော မမှန်ကန်သည့် နည်းလမ်းဖြင့် စာမေးပွဲဖြေဆိုခြင်းပြုလုပ်နိုင်သည့် စက်ပစ္စည်းများအား ယူဆောင်လာခွင့်မရှိပါ။
- စာမေးပွဲဖြေဆိုသူသည် မမှန်ကန်သည့်အပြုအမူများ လုပ်ဆောင်လျှင် စာမေးပွဲဖြေဆိုမှုအား ရပ်ဆိုင်းကာ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်အား နှစ်နှစ်ကြာပိတ်ပင်ခြင်း ခံရမည် ဖြစ်ပါသည်။
- စာမေးပွဲလျှောက်လွှာတွင် ဖြည့်သွင်းထားသော အချက်အလက်များ(အထူးသဖြင့် အမည်နှင့် မွေးသက္ကရာဇ်) သည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် ကွဲလွဲမှုရှိလျှင် စာမေးပွဲအောင်မြင်ခဲ့သော်လည်း ကိုရီးယားနိုင်ငံသို့ သွားရောက်နိုင်ခွင့်မရှိပါ။

မှတ်ချက်

✧ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာ စာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိမှုသာဖြစ်ပြီး ကိုရီးယားနိုင်ငံသို့ ကျိန်းသေသွားရောက် အလုပ်လုပ်ခွင့် ရရှိရန် ရာနှုန်းပြည့် အာမခံနိုင်ခြင်းမရှိပါ။

✧ ထို့ပြင် ကျန်းမာရေးစစ်ဆေးမှုတွင် မအောင်သည်ဖြစ်စေ၊ တရားမဝင် နေထိုင်ခဲ့သည့် မှတ်တမ်းရှိသည်ဖြစ်စေ အစရှိသဖြင့်ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရ သူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

✧ ကိုရီးယားအလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာအလုပ်သမားဝန်ကြီးဌာနတို့ ချုပ်ဆိုခဲ့သော MOU အရ၊ မြန်မာရွှေအင်း၀ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်တစ်ခုတည်းသာ မြန်မာ လုပ်သားများအား ကိုရီးယားနိုင်ငံသို့ ပို့ဆောင်ပေးနိုင်သော တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။

✧ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပြီးသော် ရွှေအင်း၀ဝန်ဆောင်မှု အေဂျင်စီကုမ္ပဏီလီမိတက်မှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများ ကိုသာ ကိုရီးယားနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။

✧ ပုဂ္ဂလိကအဖွဲ့အစည်းများက အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ပါဝင်ပတ်သက် နေပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

ညွှန်ကြားခြင်း : ကိုရီးယားနိုင်ငံ အလုပ်သမားဝန်ကြီးဌာန

ဆောင်ရွက်ခြင်း : ကိုရီးယားနိုင်ငံ ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်း

ပူးပေါင်းဆောင်ရွက်ခြင်း : မြန်မာနိုင်ငံအလုပ်သမားဝန်ကြီးဌာနနှင့် ရွှေအင်း၀ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရန်ကုန်-ပုသိမ်လမ်း မိုးရာသီ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် အထူးအစီအစဉ် အနေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပါဝင်ကူညီဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်(၀/၀မှ ၁၁၃/၀)ထိ မိုးရာသီ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဗိုလ်မြတ်ထွန်းတံတားရိပ်သာ ရှင်းလင်းဆောင်၌ ဝန်ကြီးအား အင်ဂျင်နီယာချုပ်(လမ်း) ဦးကျော်တင့်နှင့် ဒေးရှားဝေါလ်ကုမ္ပဏီမှ ဦးထွန်းမြင့်နိုင်တို့က ရန်ကုန်-ပုသိမ်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ်(၅၃/၅မှ ၈၀/၀)ထိ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၄)မှ စက်ယန္တရားဖြင့်လမ်းသားသိပ်သည်းမှုရရှိအောင် ခင်းကြိတ်နေမှု၊ မိုင်တိုင်အမှတ် (၂/၇မှ ၃၃/၂)ထိ ပုသိမ်ခရိုင်မှ လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်မြို့သို့ ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာလိဂ် ဘောလုံးပြိုင်ပွဲဖွင့် ကမ္ဘောဇအသင်း ပွဲဦးထွက်နိုင်

သတင်းနှင့် ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ယမန်နေ့ ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ကမ္ဘောဇအသင်းက ဘဏ္ဍာ/အခွန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘောလုံးပွဲမစတင်မီ နှစ်ဖက်ဘောလုံးအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ကမ္ဘောဇဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်တို့က လိုက်လံနှုတ်ဆက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့

ကမ္ဘောဇနောက်ခံလူ အေးဆန်းနှင့် ဘဏ္ဍာ/အခွန် တိုက်စစ်မှူး ရန်ပိုင်တို့ ခေါင်းချင်း ယှဉ်အတိုက်။

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရန်ကုန်-ပုသိမ်လမ်းအား မိုးရာသီ လမ်းပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

မိုင်ပေါင်း ၄၅၀၀ ဝေးသော နေရာမှ ကယ်ဆယ်ရေးအချက်ပြ၍ ဒုက္ခသည်အမျိုးသမီးကို ကယ်တင်နိုင်ခဲ့

လန်ဒန် စက်တင်ဘာ ၈

မိုင်ပေါင်း ၄၅၀၀ဝေးသော အရပ်ဒေသမှ ကယ်ဆယ်ရေးအချက်ပြခြင်းကို စကော့တလန် တော်ဝင်လေတပ်စခန်း(အာအေအက်ဖ်)မှ ဖမ်းယူရရှိပြီးနောက် အမျိုးသမီးတစ်ဦးကို ရုရှားနိုင်ငံ၏ ဘေးကင်းရာတစ်နေရာသို့ လေကြောင်းဖြင့်ကယ်ဆယ်ပို့ပေးနိုင်ခဲ့သည်။

ဗြိတိန်နိုင်ငံ နေ့တင်ဟန်တက္ကသိုလ်မှ သိပ္ပံဆိုင်ရာ သုတေသနအဖွဲ့သည် ဆိုက်ဘေးရီးယားအနောက်မြောက်ပိုင်းရှိ အိုခိုတက်ပင်လယ်နှင့် ဘာရင်းပင်လယ်အကြား ကန်ချတ်ကာကျွန်းဆွယ်သို့ သုတေသနပြုရန်ရောက်ရှိနေသည်မှာ နှစ်လခွဲခန့်ရှိနေပြီဖြစ်သည်။

သုတေသနအဖွဲ့ဝင် ဟန်ရှိုင်းယားမှ ကင်ဘာလေဝါဒင်သည် လမ်းခရီးတွင် မြင်းပေါ်မှ လိမ့်ကျကာ ခြေကျိုးသွားသောကြောင့် အဆိုပါသုတေသနအဖွဲ့က ကယ်ဆယ်ရေးအချက်ပြကို လွှင့်တင်ခဲ့သည်။ စကော့တလန် အနောက်မြောက်ပိုင်းရှိ မိုရေးဒေသတွင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတကာ သဘာဝဘေးအန္တရာယ်သတင်းများ

အာသံပြည်နယ်တွင် ဆိုးရွားစွာရေကြီး လူ ၁၅ဦး ရေစီးတွင်မျောပါ

နယူးဒေလီ စက်တင်ဘာ ၈

အိန္ဒိယနိုင်ငံတွင် ဗြဟ္မပုတ္တရမြစ်နှင့် ၎င်းမြစ်လက်တက်များ ဆက်လက်၍ ရေလျှံနေခြင်းကြောင့် အရှေ့မြောက်ပိုင်းဒေသ အာသံပြည်နယ်၏ရေကြီးမှု အခြေအနေသည် ကြာသပတေးနေ့တွင် ပိုမိုဆိုးရွားလာခဲ့သည်။ရေကြီးခြင်းကြောင့် လူဦးရေနှစ်သန်းနီးပါး ဒုက္ခနှင့်ကြုံတွေ့နေရသည်။

လျှံကျလာသောမြစ်ရေစီးကြောင်းတွင် အနည်းဆုံးလူ ၁၅ဦး မျောပါသွားခဲ့ပြီး ထောင်ပေါင်းများစွာသောလူများ အိုးမဲ့အိမ်မဲ့ဖြစ်ရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ဒေသဆိုင်ရာအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက မာဂျူလီကျွန်းမှာ တစ်ကျွန်းလုံးနီးပါး ရေမြုပ်နေပြီဟုပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ သို့

၂၄နာရီပတ်လုံး ရောင်းသူဝယ်သူတို့ဖြင့် စည်ကားနေသော သီရိမင်္ဂလာဈေးကြီး

တင်ဝင်းလေး(ကြည့်မြင်တိုင်)၏ သတင်းဆောင်းပါး၊ စာမျက်နှာ-၁၁